# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e - paper ဖတ်ရှုရန်


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 25 September 2026 ၁၂၃၁၂


# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

## မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ခရိုင်မြို့များတွင် က.ည.နရုံးများ ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ခြင်းလုပ်ငန်းများ စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

## အားကောင်းသော မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့အကြား ကာလင်ဂါပတ္တနမ်မြို့၏ အနောက်တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၄

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




**ယနေ့ ဖတ်စရာ**


**လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံ အလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ » ၇

---

**(၅၅) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာခြင်း**

စာမျက်နှာ » ၉




## ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများ ထွန်းညှိ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံး၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသောသင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများကို ယနေ့ညပိုင်းတွင် ထွန်းညှိခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒





ကြေးမုံ

# ကျင့်ဝတ်သိက္ခာစောင့်ထိန်းခြင်းမရှိသည့် မီဒီယာကိုလက်မခံ ပြစ်တင်ရှုတ်ချ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဩဂုတ်လ ၂၈ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၌ စင်ကာပူမြို့တွင်အခြေစိုက်သည့် Time Magazine မှ သတင်းထောက် Charlie Campbell ၏ တွေ့ဆုံမေးမြန်းမှု အင်တာဗျူးသတင်းအပြည့်အစုံကို မြင်တွေ့သိရှိခဲ့ရပါသည်။ သို့သော် ၎င်းအနေဖြင့် Time Magazine Online Media တွင် ဖော်ပြခဲ့ရာ၌ မူလအင်တာဗျူးဆောင်ရွက်ခဲ့သည့် အမေး၊ အဖြေ အင်တာဗျူးပုံစံမဟုတ်ဘဲ ဆောင်းပါးပုံစံဖြင့် ရေးသားဖော်ပြခဲ့သည့်အပြင် အမှန်တကယ်ဖြေကြားခဲ့မှုများကိုလည်း ထင်ဟပ်ဖော်ပြခဲ့ခြင်းမရှိဘဲ မလိုလားအပ်သော အပြုသဘောမဆောင်သည့် ရေးသားချက်များ၊ အခြားပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများ၊ သုံးသပ်ချက်များကို ထည့်သွင်းဖော်ပြခဲ့ပါသည်။

Time Magazine အနေဖြင့် မြန်မာနိုင်ငံအစိုးရက ပြည်ထောင်စုမပြိုကွဲရေးနှင့်အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတော်၏ သမိုင်းဝင်အခန်းကဏ္ဍ၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အောင်မြင်မှုများကို ၎င်းတို့၏ မဂ္ဂဇင်းတွင် “the Future of Myanmar” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြရန် အင်တာဗျူးလုပ်လိုကြောင်း မြန်မာသံရုံး စင်ကာပူမှတစ်ဆင့် မေတ္တာရပ်ခံအဆိုပြုလာသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် မအားလပ်သည့်ကြားမှ သဘောထားကြီးစွာဖြင့် တွေ့ဆုံမေးမြန်းမှုအပေါ် ပြည့်ပြည့်စုံစုံ ဖြေကြားပေးခဲ့သည်။ Time Magazine သည် ဂုဏ်သိက္ခာရှိသော သတင်းဌာနတစ်ခုဖြစ်သည့်အတွက် အဆိုပြုမေတ္တာရပ်ခံချက်အပေါ် အပြုသဘောဆောင်သောတုံ့ပြန်သည့်အနေဖြင့် သတင်းထောက် Charlie Campbell အား လက်ခံတွေ့ဆုံပြီး မေးမြန်းသည့်မေးခွန်းများကို လက်ခံဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မဂ္ဂဇင်းအနေဖြင့် အနောက်နိုင်ငံများ၏လိုလားချက်များကို ရေးသားဖော်ပြလေ့ရှိသော်ငြားလည်း နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပကတိအခြေအနေမှန်များကို ရိုးသားပွင့်လင်းစွာ ပြည့်ပြည့်စုံစုံ ဖြေကြားပေးခဲ့သော်လည်း ၎င်းမဂ္ဂဇင်းအနေဖြင့် မီဒီယာကျင့်ဝတ်ကိုဖောက်ဖျက်ပြီး မရိုးမသားရေးသားဖော်ပြခဲ့မှုများသည် စိတ်ပျက်စရာများဖြစ်စေခဲ့သည်။ Time Magazine နှင့် သတင်းထောက်တို့သည် မီဒီယာကျင့်ဝတ်(Media Ethics) နှင့်မလျော်ညီစွာ ကနဦးဆွေးနွေးသဘောတူညီချက်များတွင် မပါဝင်သည့် အကြောင်းအရာများကို အလေးပေးဖော်ပြ၍ နိုင်ငံတကာမှ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားစေမည့် အသုံးအနှုန်းများကိုသုံးနှုန်းကာ ၎င်းတို့စိတ်ကြိုက်ရေးသားဖော်ပြခဲ့သဖြင့် Time Magazine ၏ သတင်းထောက်ဖြစ်သော Charlie Campbell ၏ ရေးသားဖော်ပြချက်များသည် မီဒီယာကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာခြင်းမရှိသည့်အတွက် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့က ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာသတင်းစာပညာတွင် သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါး၊ တွေ့ဆုံမေးမြန်းခန်း စသည့်ကဏ္ဍများ၌ သတင်းစာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များရှိသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာသတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ သတင်းမီဒီယာဥပဒေနှင့်ကျင့်ဝတ်များကို ပြဋ္ဌာန်းထားသည်။ အမှန်တကယ်တွင် သတင်းမီဒီယာသမားတိုင်းသည် ပြဋ္ဌာန်းထားသော ဥပဒေကျင့်ဝတ်များနှင့်အညီ ပရော်ဖက်ရှင်နယ်ပီသစွာ လိုက်နာလုပ်ကိုင်ဆောင်ရွက်ကြရသည်။ ကုလသမဂ္ဂကသတ်မှတ်ထားသည့် လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ တွင် “လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ရှိကြောင်း ဖော်ပြထားသည်။ သို့သော် ထိုအခွင့်အရေးများသည် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့် တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူ၏ အခွင့်အရေးများနှင့် အချို့သောတာဝန်ယူမှုများကိုလည်း ထည့်သွင်းသတ်မှတ်ထားသည်။ တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့်မညီသော လုပ်ကိုင်ဆောင်ရွက်မှုများသည် မီဒီယာလွတ်လပ်ခွင့်ကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည်ဟု ဖော်ပြထားသည်။

သတင်းမီဒီယာကျင့်ဝတ်တွင် တွေ့ဆုံမေးမြန်းခြင်းနှင့် တည်းဖြတ်ခြင်းတို့ကို မျှတ၊ ရိုးဖြောင့်စွာ ဆောင်ရွက်ရမည်။ အင်တာဗျူးဖြေဆိုမည့်သူများသည်လည်း အင်တာဗျူးအစီအစဉ်ပုံစံနှင့်အကြောင်းအရာများကို ကြိုတင်သိပိုင်ခွင့်ရှိသည်။ အင်တာဗျူးတင်ဆက်ခြင်းနှင့် တည်းဖြတ်ခြင်းတို့တွင် အင်တာဗျူးဖြေဆိုသူ၏ သဘောထားရပ်တည်ချက်များကို ပုံဖျက်ခြင်း သို့မဟုတ် မမှန်မကန်ပြန်လည်ဖော်ပြခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ Time Magazine သတင်းထောက်ဖြစ်သော Charlie Campbell ၏ ရေးသားဖော်ပြချက်များသည် မီဒီယာကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာခြင်းမရှိသဖြင့် Time Magazine Online Media တွင် ဖော်ပြခဲ့မှုကို ပြစ်တင်ရှုတ်ချလိုက်ရပါကြောင်း။ ။

## ၂၀၂၆ ခုနှစ် ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

“ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့”

WORLD TOURISM DAY 2026 | DIGITAL AGENDA AND ARTIFICIAL INTELLIGENCE TO REDESIGN TOURISM

UN Tourism

၂၇ - ၉ -၂၀၂၆ နေပြည်တော်

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂၄ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ – ၉ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၀၀၀ | ၁၉,၀၀၀ | ၃ | ၅၇,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၇၀၀ | ၅၉၂ | ၅,၁၄၈,၄၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၅၅ | ၇၁၅,၀၀၀ |
| FPB | ၆,၉၀၀ | ၇,၁၀၀ | ၇၀၉ | ၄,၈၉၃,၅၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၁၁ | ၃၇,၄၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၁,၀၁၀ | ၁,၈၁၈,၅၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၃ | ၁၃,၂၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၀ | ၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၁၂၅ | ၇၉၆,၇၀၀ |
| ASPGB(PLB) | ၆,၅၀၀ | ၆,၃၀၀ | ၃,၉၄၅ | ၂၅,၂၄၄,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ တတိယအကြိမ်မှ**

ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သဲနုန်းများတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှဦးဝင်းဆွေ (ခ)ဦးဝင်းရွှေ၏ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအား ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံး ဖွင့်လှစ်မည်ဆိုပါက ရုံးဆောက်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းလုပ်ငန်း ဆောင်ရွက်ရန် အနည်းဆုံး ပေ(၄၀၀ x ၄၀၀) မြေနေရာလိုအပ်ခြင်း၊ ရုံးဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲ၍ ရုံးဖွင့်လှစ်ခွင့်အား တင်ပြတောင်းခံရခြင်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရုံးအဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအတွက် ငွေလုံးငွေရင်း အသုံးစရိတ်များ ကြိုတင်၍ တင်ပြတောင်းခံရခြင်းနှင့် ခန့်ထားရမည့်ဝန်ထမ်းများ၏ လစာစရိတ်များ ပေးချေရန်အတွက် သာမန်အသုံးစရိတ်များ နှစ်စဉ်တင်ပြတောင်းခံရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်ဖွင့်လှစ်မည်ဆိုပါက အထက်ပါအချက်အလက်များ ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသောဒေသများရှိယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ ပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများအား နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိ၍ လတ်တလောတွင် ခရိုင်မြို့များ၌ ရုံးအသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **Digital အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့်ရလဒ်ကိုမည်ကဲ့သို့ စောင့်ကြည့်မှုပြုလုပ်ပြီး ပိုမိုတိုးတက်အောင်လုပ်ဆောင်နေမှု အခြေအနေကို ရှင်းလင်းပြောကြားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation)လုပ်ငန်းစဉ်များကို စနစ်တကျ လမ်းညွှန်အကောင်အထည်ဖော်ရန်အတွက် အမျိုးသား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ရေတိုကာလတွင် သိသာထင်ရှားမြင်သာသည့် ငွေကြေးအကျိုးအမြတ်များ Tangible Result များ ရရှိနိုင်မည်မဟုတ်သော်လည်း ရေရှည်ကာလများတွင် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သိသာထင်ရှားသည့်ရလဒ်များ၊ လူနေမှုနှင့် လူမှုစီးပွားကိစ္စရပ်များတွင် တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ပြည်သူအပေါ် အကျိုးပြုသည့် ရလဒ်ကောင်းများရရှိနိုင်ရေးအတွက် စနစ်တကျ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် ညွှန်းကိန်းများ သတ်မှတ်တိုင်းတာခြင်းတို့ကို ပန်းတိုင်ရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်မှုအား စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး မည်သို့ဆောင်ရွက်မည်နှင့် ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူသိရှိနိုင်ရေး အသိပညာပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အထိ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူ အမျိုးသားများကိုသာ ဆင့်ခေါ်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ကောက်ယူသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရပြည်သူ့စစ်မှုထမ်းဆောင်ရန် အသက်အရွယ်အရ အကျုံးဝင်သူ အမျိုးသားဦးရေ ၆ ဒသမ၂ သန်း ဝန်းကျင်ခန့် ရှိပါကြောင်း။

သို့သော်လည်း ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နယ်မြေ/ဒေသအားလုံးမှ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်ချက်နှင့် အကျုံးဝင်၊ ကိုက်ညီသူအားလုံးကို တစ်ပြိုင်တည်း၊ အင်အားတစ်ပြေးညီ သတ်မှတ်ခေါ်ယူစေခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေဒေသ/မြို့နယ်အလိုက် အကျုံးဝင်လူဦးရေ၊ လူဦးရေအစိတ်အကျဲ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ စသည်တို့ကို အသေးစိတ် အခြေခံတွက်ချက်ပြီး အချိုးကျ သတ်မှတ်ဆင့်ခေါ်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် အမျိုးသားတိုင်း နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာ သင်ကြားတတ်မြောက်စေရန်နှင့် လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ သင်တန်းကျောင်းများက လစဉ်လက်ခံလေ့ကျင့်သင်ကြားပေးနိုင်သည့်အင်အားကို ထည့်သွင်းတွက်ချက်ကာ စနစ်တကျ ဆင့်ခေါ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ အပါအဝင် ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် လက်ကမ်းစာစောင်များ ရိုက်နှိပ်ပြီး ရပ်ကွက်/ကျေးရွာများအတွင်း ဖြန့်ဝေအသိပေးလျက် ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူ သိရှိလိုသည်များကို မေးမြန်းနိုင်ရန်နှင့် ဥပဒေနှင့် မညီသည့် ဆောင်ရွက်နေမှုများရှိပါက သတင်းပေးပို့တိုင်ကြားနိုင်ရေး ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး မူဝါဒများ ချမှတ်ပြီး မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်မှကာကွယ်ရေးနှင့် ရေကြီးရေလျှံခြင်းတို့ တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပျက်စီးပြုန်းတီးသွားသည့်နေရာများ၊ တောနိမ့်တောပါးများ၊ ရေဝေရေလဲဒေသများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်စိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝတောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မူဝါဒများချမှတ်ပြီး တစ်ပြိုင်တည်း လုပ်ဆောင်ရန်နှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒရည်မှန်းချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ပြီး သဘာဝတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ပြည်သူများ ပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု အစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် အထက(ခွဲ) တ/ရုံးပင်ကန်ကျောင်းတွင် နှစ်ထပ် ကျောင်းဆောင်သစ်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တ/ရုံးပင်ကန်-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် တန်းခွဲအရ လိုအပ်သည့် စာသင်ခန်း၊ စာကြည့်တိုက်၊ မီဒီယာခန်း၊ အစည်းအဝေးခန်းများအတွက် အဆိုပါကျောင်းရှိ အန္တရာယ်ဆောင်ဖြစ်သော ရတနာဆောင် ပေ(၁၀၀ x ၃၀)သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ(၁၄၀ x ၃၀) RCC နှစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာ အထက ကျောင်းအား RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သပေါ့ကန်-အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၂၀ x ၃၀) အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိဆောင်ဖြစ်ခြင်း၊ ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်းတို့ကြောင့်လိုအပ်သောစာသင်ခန်းခြောက်ခန်းစာအတွက် အဆိုပါ အန္တရာယ်ရှိဆောင် ပေ(၁၂၀ x ၃၀)အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ(၁၁၀ x ၃၀) RC နှစ်ထပ် ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-10 ကျောင်းသား မရှိသော်လည်း လာမည့်ပညာသင်နှစ်တွင် ကျောင်းသားရှိလာပါက စာသင်ခန်း လိုအပ်နိုင်သောကြောင့် အထက်တန်းဆင့်အတွက် စာသင်ခန်း နှစ်ခန်းစာ ပေ(၆၀ x ၃၀)RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့နယ်ရှိပင်မဓာတ်အားခွဲရုံအား ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံသည် အကြမ်းဖက်အဖွဲ့အစည်း၏ နှစ်ကြိမ်ဖျက်ဆီးခံခဲ့ရပြီး ပျက်စီးမှုများအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဓာတ်အားပို့လွှတ်ခဲ့ပါကြောင်း၊ သို့သော် တတိယအကြိမ်ဖျက်ဆီးခံရမှုတွင် ၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်နှင့်အတူ ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ(၁၂) မဟာဓာတ်အားလိုင်းသည်လည်း ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ပြန်လည်တည်ဆောက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ၂၃၀ကေဗွီ မော်လမြိုင်-မြဝတီ(၁၂) မဟာဓာတ်အားလိုင်း ဓာတ်အားစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ချိန်မှသာ မြဝတီမြို့နယ်အတွင်းသို့ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် ၆၆/၁၁ ကေဗွီ၊ (၂၀+၁၀)အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံမှ မြဝတီမြို့နယ်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား လိုအပ်သည့် ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရွှေစုခင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၉ မိုင်၊ သဘွတ်ကုန်း(တောင်)ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၈ မိုင်၊ သဘွတ်ကုန်း(မြောက်) ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်တို့ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ၊ သဘွတ်ကုန်း(တောင်ရွာ)နှင့် သဘွတ်ကုန်း(မြောက်ရွာ)တို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေ၏ **လယ်ဝေးမြို့နယ် အေလာနှင့် သာဝတ္ထိနယ်မြေအတွင်းမှ ရွာများအား ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လယ်ဝေးမြို့နယ် အေလာနယ်မြေအတွင်းရှိကျေးရွာ ၁၃ ရွာတွင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် လည်းကောင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၄ သို့ »»**

»»» **စာမျက်နှာ ၃ မှ**

သာဝတ္ထိနယ်မြေအတွင်းရှိ ကျေးရွာ ၂၉ ရွာအနက် အောင်သာယာ၊ ကြာကန်၊ ဇောဓိကုန်း၊ အောင်ချမ်းသာ၊ ဟေမာန်၊ အောင်မင်္ဂလာ၊ အောင်စည်လာ၊ တဲကြီးကုန်း၊ တဲကြီးကုန်း(ရွာသစ်)နှင့် အောင်နန်းချိုကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့လိုင်း ၁၃ ဒသမ ၅ မိုင်တို့အား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းထားပြီးဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျန်ရှိနေသော ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၄ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးတို့ကို နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်များတွင် တည်ဆောက်သွယ်တန်းပြီးဖြစ်သော်လည်း ကျေးရွာများအတွင်း ၄၀၀ ဗို့ခာတ်အားလိုင်း ၈ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် ကျန်ရှိနေပါကြောင်း၊ ထို့ပြင် မြိုင်သာယာ၊ ပိန်းချောင်း၊ ဇောဓိပင်၊ ရွှေမြင့်မိုရ်၊ ဇီးကုန်း၊ လသာ(ပေါက်မြိုင်)နှင့် ကြို့တန်း(တဲတန်း) ကျေးရွာ ၇ ရွာတွင် ၁၁ ကေဗွီလိုင်း ၈ ဒသမ ၆ မိုင်ခန့်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၇ လုံးနှင့် ၄၀၀ဗို့လိုင်း ၃ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသဖြင့် အဆိုပါကျေးရွာ ၁၇ ရွာတွင် တည်ဆောက်ရန် `ကျန်ရှိနေသည့် ၁၁ ကေဗွီ ခာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း လုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ခာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း တောင်ပေါ်ဒေသတွင် တည်ရှိသော ဇလီနှင့်လသာ(ငှက်ကြီးတောင်) ကျေးရွာ ၂ ရွာတွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး လုံခြုံရေးအခြေအနေအရ မြေပြင်ကွင်းဆင်းနိုင်မှုမရှိခြင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်စိစစ်ချက်အရ ပြည်သူပူးပေါင်းပါဝင်ရမည့် ငွေပမာဏကိုလည်း ထည့်ဝင်နိုင်မှုမရှိခြင်းတို့ကြောင့် လောလောဆယ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဦးဗိုလ်ဝင်း၏ **ပေါင်မြို့နယ် အလုပ်ကျေးရွာ ပင်လယ်ကမ်းခြေ ပတ်တာ ကျောက်စီတာတမံတွင် ကျန်ရှိနေသော ၁၀၅၀ ပေကို ကွန်ကရစ်တာတမံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပေါင်မြို့နယ် အလုပ်ကျေးရွာရှိ ဒေသမှ ထိန်းသိမ်းထားသော အလုပ်ရေင်နံတားတာပေါင်ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် ပေတိုင် ၃၈၀၀ မှ ၅၀၀၀ အထိ အလျားပေ ၁၂၀၀ အပိုင်းမှ တာပေါင်အလျား ပေ ၁၅၀၀ကို ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ ခွဲဝေရရှိပြီးဖြစ်၍ မိုးရာသီအကုန် ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တာပေါင် အလျား ပေ ၃၀၀ ကို ထပ်မံဆောင်ရွက်ရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသည့် အပိုင်း ပေ ၇၅၀ အနက် တာပေါင် အလျား ပေ ၃၇၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟင်္သာတမဲဆန္ဒနယ်မှ ဦးငွေဝင်း၏ **ဟင်္သာတမြို့၊ သပြုဆိပ် အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာတို့ရှိ တာပေါင်များအား ခိုင်ခံ့အောင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဟင်္သာတမြို့နယ် သပြုဆိပ်လယ်သမားတာနှင့် ဝဲကြီး လယ်သမားတာများသည် တောင်သူများ၏ အစီအစဉ်ဖြင့် တည်ဆောက်ထားပြီး တောင်သူများကိုယ်တိုင် ပြုပြင်ထိန်းသိမ်းလျက်ရှိကာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားခြင်းမရှိပါကြောင်း၊ အဆိုပါ လယ်သမားတာများသည် မိုးရာသီ ဝန်မြစ်ရေမြင့်ချိန်တွင် ဝန်မြစ်ရေ ခေတ္တခိုအောင်းရာ ဧရိယာအား လျှော့နည်းစေသဖြင့် ဝန်မြစ်အတွင်း ရေမျက်နှာပြင်ကို ပိုမိုမြင့်တက်စေပြီး ဝန်ရေဘေးကာကွယ်ရေးတာ၏ လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်ပါကြောင်း။

တောင်သူများ၏လက်ရှိအကျိုးစီးပွားမထိခိုက်စေရေးအတွက် ကာကွယ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဝန်မြစ်ရေဘေးကာကွယ်ရေးတာ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုကို မထိခိုက်စေရန်လည်းကောင်း အဘက်ဘက်မှ ချိန်ဆပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်း အပါအဝင် တာပိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် နမ့်အွန်ချောင်းပေါ်ရှိ ဖိုင်အွန်ဆည်ကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းစံမြို့ရှိ ဖိုင်အွန်ဆည်သည် ရေကြီးမှုကြောင့် တိုက်စားပျက်စီးသွားသဖြင့် မူလလက်ရှိဆည်၏ အောက်ဘက် ပေ ၅၀၀ ခန့်အကွာ ချောင်းကျဉ်းသည့်နေရာတွင် အလျား ပေ ၂၀၀၊ အမြင့် ၆ ပေ ဖြင့် သစ်ရိုက်ကျောက်ဖြည့်ဆည်အသစ် တည်ဆောက်ခြင်းနှင့် အလျား ပေ ၅၀၀ ရှိသည့် ရေပေးမြောင်းအသစ် တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှု အခြေအနေပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးချောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည်တူးဖော်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကွမ်းခြံကုန်းမြို့နယ် ဖီမခိုင်ရိုးချောင်းကို မူလအနက်ရရှိစေရန်အတွက် ပြန်လည်တူးဖော်ပါက မိုးစပါးရာသီ ကွင်းရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် နွေသီးနှံအောင်ရေလုံလောက်စွာ သွင်းယူစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကွမ်းခြံကုန်းမြို့နယ်၊ တောကြီးတန်းတိုက်နယ်၊ ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် ခန့်မှန်းဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် လိုအပ်သောရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၇-၂၀၂၈ တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံထားဆဲဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိသည့် အချိန်နှင့်ကိုက်ညီ၍ မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ထပ်မံစိစစ်၍ ရိုးချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကိုင်ထောင်ချောင်းတစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တနိုင်းမြို့ပေါ်တွင် ဖြတ်သန်းစီးဆင်းနေသော ကိုင်ထောင်ချောင်း၏ တနိုင်း-မြစ်ကြီးနားလမ်းအောက်ပိုင်း အလျား ၉၅၃၃ ပေ သဲနုန်းတူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ချောင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်း၏ အထက်ပိုင်းရှိ ကိုင်ထောင်ချောင်းတစ်လျှောက်၌ လက်ရှိတွင် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး သဲနုန်းတူးဖော်ရှင်းလင်းဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

ကိုင်ထောင်ချောင်း တစ်လျှောက် ဘေးဝဲ/ယာတွင် ကျောက်စီမြေထိန်းနံရံဖြင့် တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တနိုင်းမြို့နယ် ရပ်ကွက်များ ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သည့် စိစစ်လေ့လာတိုင်းတာမှုများဆောင်ရွက်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများကို ဦးစားပေးသတ်မှတ်ကာ နီးစပ်ရာဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက်တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက **"မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းရာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

---

## ❒ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့မှ

ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ နောက်ဆုံးပတ်၏ ကြာသပတေးနေ့တွင် ကမ္ဘာတစ်ဝန်း ကျင်းပလေ့ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား (World Maritime Day 2026) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ၂၀၂၅ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင် အခွင့်အလမ်း အများဆုံး ရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း(SRPS)ကုမ္ပဏီသုံးခုကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထွန်းလူက အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ (IMO) အနေဖြင့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့အတွက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ ဆောင်ပုဒ်ကို "ရေကြောင်းကဏ္ဍ မြှင့်တင်ဖို့ - မူဝါဒမှ လက်တွေ့သို့" (From Policy to Practice: Powering Maritime Excellence) ဟု သတ်မှတ်ထားကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ဆောင်ပုဒ်သည် ကုန်သွယ်မှုတိုးချဲ့ခြင်း၊ ဆက်သွယ်ချိတ်ဆက်မှုကောင်းမွန်ခြင်း၊ အလုပ်အကိုင်ကောင်းများ ဖန်တီးခြင်းနှင့် အဏ္ဏဝါပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ (၂၀၃၀ )ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အထောက်အကူပြုလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၆ ခုနှစ် ကမ္ဘာ့ ပင်လယ်ရေကြောင်းနေ့အတွက် "မူဝါဒမှ လက်တွေ့သို့" ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေကြောင်းကဏ္ဍအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ ဆွေးနွေးပွဲ၊ ကမ်းရိုးတန်းသင်္ဘောများအတွက် Collective Bargaining Agreement ဆိုင်ရာ အလုပ်ရှင်ဆွေးနွေးပွဲနှင့် သင်္ဘောသားအလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိရေးဆိုင်ရာ ဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ❂ ရှေ့ဖုံးမှ

အခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန ဖလမ်းမြို့ မူလတန်းကြိုကျောင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးတို့က မူလတန်းကြိုကျောင်းကလေးများအား အာဟာရများ တိုက်ကျွေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုအခါ ချင်းပြည်နယ်အတွင်း ဟားခါးမြို့၊ တီးတိန်မြို့နှင့် ဖလမ်းမြို့တို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် တိုက်တွန်းလိုပါကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၆၈ ကျောင်းအတွက် ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် မူလတန်းကြိုကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများ၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့်အလှူငွေများကို ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးတို့က ပေးအပ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဖလမ်းမြို့ နေရပ်ပြန်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ တဖြည်းဖြည်း ပုံမှန်လည်ပတ်နေပြီ ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ယခင်က မူလတန်းကြိုကျောင်းသုံးကျောင်းရှိခဲ့ပြီး ယခုအခါ မူလတန်းကြို ကျောင်းနှစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာနှစ်လုံး ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အအုံပြုပြင်နေမှု၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစကားပြောကြားပြီး စာသင်ဆောင်အဆောက်အအုံ ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

★ ကျောဖုံးမှ

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း၏ **မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ဖားအောက်တိုက်နယ် ဆေးရုံတွင် ဓာတ်မှန်ရိုက်စက် (X-ray Machine) တစ်လုံးတပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ရိုက်ခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသ သောလူနာများအနက် ဓာတ်မှန်ရိုက်ရန် လိုအပ်ပါက (၉)မိုင်ခန့် ကွာဝေးသော မော်လမြိုင် ပြည်သူ့ဆေးရုံ ကြီးသို့ ညွှန်းပို့စစ်ဆေး ဆောင်ရွက်နေရသည့်အတွက် ဖားအောက်တိုက်နယ်ဆေးရုံရှိ သင့်လျော်သည့် အခန်းတစ်ခန်း အလျား ၁၉ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၁ ပေအား ဓာတ်မှန်ခန်းအဖြစ် အသုံးပြုနိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး 100MA Digital X-Ray Machine တစ်လုံးအား ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံ မြို့နယ်တွင် မြင်းကျဒိုးတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်း အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း ရပ်ဆိုင်းနေခြင်း အား ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်း ပြီးစီးမှုအတွက် ရန်ပုံငွေကျပ်သန်း ၂၅၀ ပေးချေခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကာလမှစ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ "ဆောက်လုပ်ရေး ပစ္စည်းဈေးနှုန်းများ အဆမတန်ကွာဟလာမှုကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါ သဖြင့်" လုပ်ငန်းပြန်လည်အပ်နှံခဲ့ပါသောကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းနှင့် ပေးချေသည့်ရန်ပုံငွေကိုက်ညီမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက် ခဲ့ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းအစိတ်အပိုင်း များကို အပြီးသတ် ဆက်လက်ဆောင်ရွက်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်း အပ်နှံနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ညှိနှိုင်းပေးပို့ ခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ "အဆိုပါ လုပ်ငန်းသည် နယ်မြေအခြေအနေအရ ဆောင်ရွက် ရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက် ပေးနိုင်ခြင်းမရှိပါကြောင်း" ပြန်ကြားချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၉၆ ဒသမ ၇၄၀ အား နိုင်ငံတော်သို့ ပြန်လည်အပ်နှံ ခဲ့ရခြင်း ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအား အပြီးသတ်ဆောင်ရွက် နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့တို့နှင့်ညှိနှိုင်း၍ လုပ်ငန်းပြီးစီးရေးအတွက် စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေ ထပ်မံလိုအပ် ချက်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တွင် နေပြည်တော် ဥက္ကာသီရိကုမ္ပဏီမှ Oxygen Plant အောက်ဆီဂျင်ထုတ်လုပ်သော စက်တစ်လုံး ဌာနပိုင် ဝယ်ယူတပ်ဆင်ခဲ့ရာ အောက်ဆီဂျင်စက်ကို (၃)နှစ်ကျော် အသုံးပြုခဲ့ပြီး စက်ချွတ်ယွင်းမှုကြောင့် ရပ်နားထားသည်မှာ (၂)နှစ်ခန့် ကြာမြင့်နေပြီဖြစ်သည့် အတွက် ခန္တီးပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင် လိုအပ်သည့် လူနာများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါသဖြင့်ချွတ်ယွင်းနေသော အောက်ဆီဂျင် စက်အား အမြန်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပြည်သူ့ဆေးရုံတွင် ယခုတင်ပြသည့် Oxygen Plant နှင့် မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant တစ်လုံးအပါအဝင် Oxygen Plant နှစ်လုံးရှိပါကြောင်း၊ မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant(OYS-50)အား ကောင်းစွာ အသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် Oxygen ဓာတ်ငွေ့လီတာ ၄၀ ဆလင်ဒါအိုး ၁၆ လုံးခန့် ထုတ်လုပ် ပေးနိုင်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်နေသော Oxygen Plant (Oxymat, O-280)နှင့် ပတ်သက်၍ ဥက္ကာသီရိ ကုမ္ပဏီ၏တင်ပြချက်အရ Preventive Maintenance Kit များလဲလှယ်ခြင်း၊ Air Compressor များစစ်ဆေး ၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Air Dryer များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Pressure Swing Absorption Zeolite bed စစ်ဆေးလဲလှယ်ခြင်း၊ Oxygen booster စစ်ဆေးလဲလှယ်ခြင်းတို့ ပြုလုပ် ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဈေးနှုန်းတင်သွင်း လွှာများခေါ်ယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား သည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် အစိုးရလက်ထက် က ခန့်ထားပေးခဲ့သော မျက်စိလက်ထောက် ဆရာဝန်အား တွဲဖက်ပြန်လည်ခန့်ထားပေးရန် အစီ အစဉ်ရှိ/မရှိ၊ ပြန်လည်ခန့်ထားပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် စေလွှတ်ပေးမည်နှင့် ပြန်လည် ခန့်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားနိုင်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်တစ်ဦး၊ အထူးကုဆရာဝန်များအနေဖြင့် အထူးကုဆရာဝန် (အရိုး/ ခွဲစိတ်/ မေ့ဆေး/ ဓာတ်မှန်) နှင့် သွားနှင့်ခံတွင်းဆရာဝန်များအား ခန့်အပ်ထားပြီး မျက်စိအထူးကုအား ခန့်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အင်္ဂါရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလို ခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆံ့ သထုံမြို့ ပြည်သူ့ဆေးရုံနှင့် လည်းကောင်း၊ ခုတင် (၅၀၀)ဆံ့ ပဲခူးမြို့ ပြည်သူ့ ဆေးရုံကြီးနှင့်လည်းကောင်း မော်တော်ယာဉ်ဖြင့် တစ်နာရီခန့်သာ သွားရပါကြောင်း။

ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် (၃)နှစ်စာ အနေဖြင့် တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေ ၃၃ ဦးရှိပြီး လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသို့တိုးမြှင့် ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာ အုပ်စု ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံ တစ်ရုံအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ တိုက်နယ်ဆေးရုံအား ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကောင်းဘို့ တိုက်နယ် ဆေးရုံတည်ဆောက်ရန်အတွက် အလှူရှင်များက ကွင်းအမှတ်(၄) ကောင်းဘို့မြောက် ဦးပိုင်အမှတ် (၇၂/၁၁၈) မြေဧရိယာ ၃ ဒသမ ၁၃ ဧကအား လှူဒါန်း ခဲ့သော်လည်း ၎င်းမြေဧရိယာအနက် ၂ ဒသမ ၇၂ ဧကသည် ယာမြေဖြစ်ပြီး ၀ ဒသမ ၄၁ ဧကသည် လယ်မြေဖြစ်နေသောကြောင့် လယ်မြေ၊ ယာမြေမှ အခြားနည်းသုံးစွဲခွင့်ရရှိရေးအတွက် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုကော်မတီသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ လယ်ယာ မြေ အခြားနည်းသုံးစွဲခွင့်ရရှိပါက ရပ်စောက်မြို့နယ် ကောင်းဘို့တိုက်နယ်ဆေးရုံအဆောက်အအုံများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လုပ်ထုံးလုပ်နည်း များနှင့်အညီ လျာထားဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် နှစ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် လွှတ်တော်ရပ်နားထား စဉ်ကာလအတွင်း ဖွဲ့စည်းခဲ့ရာ **မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ **မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း**တွင်ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် ကရင် ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည် ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများ တွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်းအားလည်းကောင်း၊ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ်ခင်မောင်စိုး အားလည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံ တကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူး တင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအား လည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ် သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်ဝင်း **အစား** ဗိုလ်မှူးနိုင်ဝင်းအား လည်းကောင်း၊ အမျိုးသားလွှတ်တော် ဆောက်လုပ် ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ တွင် အဖွဲ့ဝင် ဗိုလ်မှူးဇေယျာဝင်း **အစား** ဗိုလ်မှူး ဇော်မင်းသိန်းအားလည်းကောင်း၊ မြန်မာ-ကာဇက် စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း တွင် အတွင်းရေးမှူး ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအားလည်းကောင်း၊ မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်း အားလည်းကောင်း၊ မြန်မာ-ကမ္ဘောဒီးယားလွှတ်တော် ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်း အားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နီကာရာဂွါ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ- နီကာရာဂွါ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် နည်းပညာဖလှယ်ရေး၊ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန် စေလွှတ်ရေး၊ ဘာသာရပ်များအလိုက် သင်တန်းများပေးရေး၊ သုတေသနများ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆) ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ(MNTJP/ MNDAA) တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်၊ MNTJP ပေါလစ်ဗျူရိုနှင့် နိုင်ငံရေးဌာန ဌာနမှူး ဦးကျင်းရှင်း၊ ဗဟိုကော်မတီဝင် MNDAA စစ်ဦးစီးဌာန ဒုတိယ စစ်ဦးစီးမှူး ဦးလီရှိကြဲ၊ ဗဟိုကော်မတီဝင် MNDAA နိုင်ငံရေးဌာန ဒုတိယဌာနမှူး ဦးချားတတ်အန်း၊ ဗဟိုကော်မတီဝင် အထူးဒေသအရာရှိသင်တန်းကျောင်း ဒုတိယကျောင်းအုပ် ဦးလီဖျင်ယုံ၊ ဆက်ဆံရေးဌာန ဒုတိယဌာနမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး ဦးလီကြားခွမ်း၊ တပ်မဟာ(၆၁၁) ဒုတိယနိုင်ငံရေးမှူးနှင့် ပစ်ခတ်ရပ်စဲမှုစောင့်ကြည့်ရေးအဖွဲ့ ရုံးတာဝန်ခံ ဦးရွှေခိုင်၊ ဗဟိုကော်မတီရုံးအဖွဲ့ဝင် ဦးရန်နိုင်၊ MNDAA နိုင်ငံရေးဌာန စည်းရုံးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကွားရွှင်၊ ဆက်ဆံရေးဌာန ရုံးအဖွဲ့ဝင် ဒေါ်ရှယ်ရှီရှင်း၊ နိုင်ငံရေးဌာနရုံး အဖွဲ့ဝင် ဦးလီဝင်လုံတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေး ဖိတ်ခေါ်ပြီးနောက်ပိုင်း ယနေ့ MNDAA နှင့် တွေ့ဆုံမှုသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသ အထူးဒေသ(၁)ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုများရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ပဋိပက္ခများဖြစ်ပွားလာပြီး နောက်ပိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည့် ဆန္ဒများဖြစ်လာကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပီပြင်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ကိုးကန့်လူမျိုးများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားများဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပေးထားပြီးဖြစ်ကြောင်း၊ MNDAA ၏ ရေရှည်လိုလားချက်အား နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်သည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အပြန်အလှန်နားလည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် မှီခိုမှုရှိရမည်ဖြစ်ကြောင်း၊ ဒေသမတည်ငြိမ်မှုကြောင့် ဒေသခံပြည်သူလူထုများ နစ်နာဆုံးရှုံးရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်ရန်လိုပါကြောင်း၊ လတ်တလောတွင် ဆုံးဖြတ်ရန်ခက်သည်များရှိပါက နောင်လာမည့် ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းအား နှစ်ဖက်အဖြေရှာသွားရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များအား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က နေပြည်တော်သို့ရောက်ရှိပြီး တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေး ဖော်ဆောင်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်စေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့်ပုံစံဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သော လမ်းကြောင်းအား အထူးကြိုဆိုကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံးအေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည်ပဋိပက္ခများကြောင့် ပြည်သူများအတိဒုက္ခရောက်ရကြောင်း၊ သမိုင်းကို ပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏ သဘောထားကြီးမှုသည် အရေးကြီးပါကြောင်း၊ လက်ရှိခက်ခဲစွာ ရရှိထားသော ငြိမ်းချမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေဖန်တီးရန်လိုကြောင်း၊ တွေ့ဆုံဆွေးနွေးသောနည်းလမ်းဖြင့် လက်ရှိရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးဟူသော နိုင်ငံရေး ရပ်တည်ချက်အပေါ်တွင် ခိုင်မာစွာရပ်တည်လျက် တိုင်းရင်းသားအားလုံးတည်ငြိမ်အေးချမ်းစွာ ပူးပေါင်းနေထိုင်နိုင်သော စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ တည်ထောင်ရေးကို လျှောက်လှမ်းရန် ကိုင်စွဲထားပါကြောင်း၊ ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးစသည့် လုပ်ငန်းများကို တတ်စွမ်းသမျှကြိုးစားလျက်ရှိပြီး တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းဖော်ဆောင်ရန် အထူးလိုလားပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန်ဆက်သွယ်မှု၊ အမြင်ချင်းဖလှယ်ခြင်းတို့ကြောင့် ဒေသတွင်းတည်ငြိမ်မှု၊ ယုံကြည်မှုများ ခိုင်မြဲမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများအား အားပေးထောက်ခံကြောင်း၊ ရှိရင်းစွဲ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများကို ခိုင်မာစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းဖော်ဆောင်ရန် ဆန္ဒအပြည့်အဝရှိကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုတစ်ရပ်လုံးအတူတကွအေးချမ်းစွာ နေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသော နည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ငြိမ်းချမ်းရေးကို ဖန်တီးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိစ္စရပ်များ၊ MNDAA ၏ နိုင်ငံရေးတရားဝင်မှုဖြစ်စေရေးနှင့် တိုင်းရင်းသားများ တန်းတူညီမျှရှိရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသကို ဖြတ်သန်းသည့် စီမံကိန်းများဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှု ခိုင်မာစေရေးနှင့် နိုင်ငံရေးပါတီတည်ထောင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိစ္စတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် လာရောက်တွေ့ဆုံဆွေးနွေးမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်မည့်ကိစ္စ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးတည်ပြီး နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကိစ္စနှင့် MNDAA တင်ပြသည့် ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



သထုံ စက်တင်ဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း လှမဥ္ဇူခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ စာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်လာစေရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် အားကစား၊ ကျွန်ုပ်အနှစ်သက်ဆုံးစာအုပ်တစ်အုပ်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် စက်တင်ဘာ ၂၄**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်၏အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၏ပြောကြားချက်အရ သိရသည်။

**အမှာစကားပြောကြား**

ယနေ့မွန်းလွဲပိုင်းက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၂/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်းပြီး မလေးရှားနိုင်ငံ၊ လူမှုဖူလုံရေးအဖွဲ့ (PERKESO) နှင့် MOC လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (Social Security Office–SSO) နှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် တစ်မျိုးသားလုံး အကျုံးဝင်သည့်စီမံကိန်းဖြစ်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့်လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့ပြင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တင်ပြသည့်အမှာစာများကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံအလုပ်သမားများကို ပိုမိုထိရောက်ကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆေးခန်း ၇၂ ခန်းနှင့် သားဖွားခန်း ရှစ်ခန်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးစိုက်ထုတ်ငွေများအား အမြန်ဆုံးပြန်လည်ပေးအမ်းလျက်ရှိရာ လူမှုဖူလုံရေးငွေကြေး အကျိုးခံစားခွင့်များအနေဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ငွေကျပ် ၁၂ ဒသမ ၉၇ ဘီလီယံကျော်ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသောသားသမီးများအတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အာမခံအလုပ်သမား ၆၈၃၇၉ ဦး၏ သား/သမီး၊ ကျောင်းသား/ ကျောင်းသူ ၈၉၉၆၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၃၅၈၃ ဒသမ ၀၅၀ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန္တလေးငလျင်ဘေးခံစားခဲ့ရသောအာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အလုပ်ဌာန ၇၁၆၃ ဌာနမှ အာမခံအလုပ်သမား ၁၃၄၂၈၃ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၀၉၈၈ ဒသမ ၇၅၉ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushalနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားဖွင့်လှစ်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းစကားတို့ကို ပြောကြားခဲ့ကြောင်းနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၄**

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည့် Singapore Red Cross Awards Ceremony အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက "Distinguished Friend of Singapore Red Cross Award" ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါဂုဏ်ပြုဆုကို စင်ကာပူနိုင်ငံသမ္မတနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်း၏နာယကဖြစ်သူ His Excellency Mr. Tharman Shanmugaratnam က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့် တက်ရောက်လက်ခံရယူခဲ့သည်။

ယခုဂုဏ်ပြုဆုသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းတို့အကြား ရေရှည်တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ပံ့ပိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြု ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး သန့်ရှင်းရေးဆောင်ရွက်



**လေးမျက်နှာ စက်တင်ဘာ ၂၄**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေကြီးနစ်မြုပ် ဖြစ်ပွားခဲ့သော ပြည်သူ့ဆေးရုံကြီးနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေကြီးနစ်မြုပ်ခဲ့သော အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံကြီးအား သန့်ရှင်းသာယာ လှပစေရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေကျသွား၍ ဆေးရုံအတွင်း အဆောင်များရှိ တင်ကျန်ရစ်သော နုန်းများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆေးရုံပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးမီးသတ် ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူးဦးစီး၍ စုစုပေါင်းအင်အား ၁၇၅ ဦးတို့က သန့်ရှင်းရေးဆောင်ရွက်သည်။

အလားတူ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အိုင်သပြု (မြောက်) အခြေခံပညာမူလတန်းကျောင်းအား ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေကျသွား၍ တင်ကျန်ရစ်သောနုန်းများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကျောင်းပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းကို လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀နှင့်မြို့နယ်ပညာရေးဌာနမှ ငါးဦးတို့က သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး ကျင်းပ



ပုသိမ် စက်တင်ဘာ ၂၄

တတိယအကြိမ် ရေဝတီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၂၆) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရေဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတရုံးက ၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ ရက် ရက်စွဲပါစာဖြင့် ပေးပို့လာသော ပြည်ထောင်စုအင်္ဂါစဉ် ပြင်ဆင်ခြင်းကို လွှတ်တော်တွင် မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကို ရယူရာ လွှတ်တော်က သဘောတူသဖြင့် မှတ်တမ်းတင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ရေဝတီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်စန်းချစ်က ရေဝတီတိုင်းဒေသကြီး၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတို့ကို တင်သွင်းခဲ့သည်။

ထိုသို့ တင်သွင်းမှုအပေါ် တိုင်းဒေသကြီး လွှတ်တော်က ဖွဲ့စည်းပေးသည့် ဘဏ္ဍာငွေဆိုင်ရာ စိစစ်ရေးအဖွဲ့ ၁၁ ဖွဲ့ဖြင့် စိစစ်ပြီး စိစစ်တွေ့ရှိမှုအပေါ် တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီက ဆက်လက်ဆောင်ရွက်ရန်နှင့် ကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို အစည်းအဝေး ဒုတိယနေ့တွင်ပြန်လည်တင်ပြရန်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၆) ပထမနေ့ကို ရပ်နားပြီး အထူးအစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ ကျင်းပမည့်ရက်ကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၄**

ရေဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှု ဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည် တိုက်စား၍ အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူး လုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂ / ၂) ပေ ၅၀၀ နှင့် (၁၂ /၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား ပေ ၃၀၀ ပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/ ၅) နှင့် (၁၁/၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ ငဝန်ပန်းတာရေဝင်လမ်းအား(Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန်အတွက်(Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်းလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရမ်းမြို့နယ်၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မက္ကသန်ကျေးရွာ၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှု အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ခရမ်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အာဖရိကဝက်အပြင်းဖျားရောဂါအကြောင်းအရာများ၊ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာအကြောင်းအရာများ၊ ဇီဝလုံခြုံမှုနှင့်လုပ်ဆောင်ရမည့် အချက်အလက်များကို ရှင်းလင်းဟောပြောပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်နှင်းဝေ(ပြန်/ဆက်)**



# ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လေးမျက်နှာ စက်တင်ဘာ ၂၄

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေကြီးနစ်မြုပ်ခဲ့သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သန့်ရှင်းသာယာလှပစေရေးနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေကျသွား၍ ရုံးအတွင်းရှိ တင်ကျန်ရစ်သောနုန်းများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရုံးပတ်ဝန်းကျင် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခဲ့ပြီး အမှတ်(၄)ရပ်ကွက် ဗန္ဓုလလမ်းရှိ အခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အိုင်သပြုကျေးရွာ ကျောင်းစုရပ် မန်းကျောင်းဘုန်းတော်ကြီးကျောင်းတို့အား နယ်မြေခံတပ်နယ်မှ နည်းပြအရာရှိချုပ်ဦးစီး၍ တပ်မတော်သားများ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူးဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစီး၍ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ စုစုပေါင်း ၄၂၃ ဦးတို့က သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ စက်တင်ဘာ ၂၄ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက အနောက်မြောက်ရပ်ကွက် ဗိုလ်ရုံလမ်း ပျဉ်တောင်ရပ်မူလတန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဇေယျာထွန်း(ကြို့ပင်ကောက်)



# (၅၅) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာခြင်း

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တည်ထောင်သည့် ၁၈၇၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ စ၍ နှစ်စဉ်အောက်တိုဘာလ ၉ ရက်နေ့ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ပါဝင်ကျင်းပလျက်ရှိပါသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှ စတင်၍ အသက် (၉) နှစ်ပြည့်ပြီး အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၅) ကြိမ်မြောက် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော အသက် (၉) နှစ်ပြည့်ပြီး အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲဝင်ရမည့် ခေါင်းစဉ်မှာ **“ Write a letter to a friend about why human connection matters in a digital world.” (ဒီဂျစ်တယ်ကမ္ဘာကြီးတွင် လူသားအချင်းချင်း ဆက်သွယ်မှုသည် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်းကို သူငယ်ချင်းတစ်ဦးထံသို့ ပေးစာတစ်စောင်ရေးသားရန်)** ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူကျောင်းသားကျောင်းသူ စုစုပေါင်း ၄၀၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ရရှိလာသည့် ပြိုင်ပွဲဝင်စာမူ ၄၀၃ စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် စစ်တွေမြို့ အထက (၄) Grade-8 မှ မပြုံးသက်ပိုင်ထွန်းက လည်းကောင်း၊ ဒုတိယဆုကို နေပြည်တော် ပျဉ်းမနားမြို့ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မစုမြတ်နဒီကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါင်းတည်မြို့နယ် အလက(ခွဲ)-မှတ်တိုင်လမ်း Grade-6 မှ မဖြိုးရတနာဇော်ကလည်းကောင်း၊ အထူးဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၆) Grade-9 မှ မအေးယမုံသွယ်တို့ကလည်းကောင်း ရရှိခဲ့ပါကြောင်း သိရှိခဲ့ပါသည်။ အဆိုပါအကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရစာမူကို ယူပီယူမှ ကျင်းပသည့် နိုင်ငံတကာလူငယ်များပေးစာရေး ပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ထားပြီးဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာပါသည်။

**၂၀၂၆ ခုနှစ် (၁၅၂)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၅၅) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်း**

ပထမဆု



| | |
|---|---|
| အမည် | - မပြုံးသက်ပိုင်ထွန်း |
| အဘအမည် | - ဦးအေးထွန်း |
| အမိအမည် | - ဒေါ်သန်းသန်းဌေး |
| အတန်း | - Grade-8 |
| ကျောင်းအမည် | - အ-ထ-က (၄) စစ်တွေမြို့၊ ရခိုင်ပြည်နယ် |

ဒုတိယဆု



| | |
|---|---|
| အမည် | - မစုမြတ်နဒီ |
| အဘအမည် | - ဒေါက်တာအောင်နိုင်ဝင်း |
| အမိအမည် | - ဒေါ်နန်းဆိုင်းခမ်း |
| အတန်း | - Grade-6 |
| ကျောင်းအမည် | - ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော် |

တတိယဆု



| | |
|---|---|
| အမည် | - မဖြိုးရတနာဇော် |
| အဘအမည် | - ဦးသန်းဇော် |
| အမိအမည် | - ဒေါ်သီတာအေး |
| အတန်း | - Grade-6 |
| ကျောင်းအမည် | - အ-လ-က(ခွဲ)-မှတ်တိုင်လမ်း ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်) |

အထူးဆု



| | |
|---|---|
| အမည် | - မအေးယမုံသွယ် |
| အဘအမည် | - ဦးအာကာမြင့် |
| အမိအမည် | - ဒေါ်သန္တာသိမ့် |
| အတန်း | - Grade-9 |
| ကျောင်းအမည် | - အ-ထ-က(၆) မော်လမြိုင်မြို့၊ မွန်ပြည်နယ် |



# မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေပေးအပ်

မော်လမြိုင် စက်တင်ဘာ ၂၄

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး လူငယ်ပရဟိတဂေဟာ သုံးခု၊ အမျိုးသမီးဂေဟာတစ်ခု၊ ဘိုးဘွားရိပ်သာ လေးခု၊ မူလတန်းကြိုကျောင်း ၈၄ ကျောင်း၊ လူငယ်ရိပ်သာတစ်ခုအတွက် ကိုယ်စားလှယ်လေးဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်တော်သာ ပြည်သူ့အင်ငှားအိမ်ရာ လေးခန်းတွဲ နှစ်ထပ်တိုက် ၂၅ လုံး အခန်း ၂၀၀ သည် ၁၉၅၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အဆောက်အအုံများသက်တမ်းမှာ နှစ် ၇၀ နီးပါး ကြာမြင့်နေပြီဖြစ်၍ ငှားရမ်းနေထိုင်သူများအနေဖြင့် ရေရှည်ဆက်လက်နေထိုင်ရန် သင့်လျော်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သာယာဝတီမြို့နယ်၌ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

သာယာဝတီ စက်တင်ဘာ ၂၄



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သာယာဝတီခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

**ပေးအပ်**

ဆက်လက်၍ သာယာဝတီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် သာယာဝတီခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဦးစီးအရာရှိတို့က စက်ချုပ်လုပ်ငန်းထူထောင်မည့်သူ ၁၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများဖြစ်သော ခြေနင်းအပ်ချုပ်စက်တစ်လုံး၊ ဓားစက်တစ်လုံး၊ မီးပူတစ်လုံး၊ ကြယ်သီးထုတ်ရိုက်တံ တစ်လုံး၊ အထည်သုံးကော်ရုပ် နှစ်ရုပ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

လမင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးအရာရှိ ဦးဆန်းဦးကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက် အထက(၁၁)၌ ပြုလုပ်သည်။

ယင်းသို့ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရုံး လဝကမှူး ဦးဆောင်၍ လဝကဝန်ထမ်းများက ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့

**ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ သဘာဝအလှတရား၊ သမိုင်းဝင်အမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်သူတို့၏ လူနေမှုဘဝကို ကမ္ဘာ့အသိုက်အဝန်းသို့ မိတ်ဆက်ပေးနိုင်သည့် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်သည်။**

**ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)**

ကုလသမဂ္ဂ၏ ခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်း UN TOURISM ၏ လမ်းညွှန်မှုအရ နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ၂၀၂၆ ခုနှစ်အတွက် UN TOURISM က ချမှတ်ထားသည့်ဆောင်ပုဒ်မှာ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် AI အသုံးချရေးဦးတည်ချက်များကို အခြေခံသည့် "ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့" (Digital Agenda and Artificial Intelligence to Redesign Tourism) သည် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဉာဏ်ရည်တု (AI) နည်းပညာတို့ကိုအသုံးချ၍ ခရီးသွားလုပ်ငန်းကို ပြန်လည်ပုံဖော်ရန်အားပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် သမိုင်းဝင်အမွေအနှစ်များ၊ သဘာဝအလှတရားများနှင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ မတူကွဲပြားသော ယဉ်ကျေးမှုအရင်းအမြစ်များဖြင့် ကြွယ်ဝလှပသည့် နိုင်ငံဖြစ်သည်။ ယင်းအမွေအနှစ်များကို ဒီဂျစ်တယ်နည်းပညာနှင့် ပေါင်းစပ်အသုံးချနိုင်ပါက မြန်မာ့ခရီးသွားလုပ်ငန်း၏စွမ်းရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။ နည်းပညာအသုံးချရာတွင် သမိုင်းမှန်ကန်မှု၊ ယဉ်ကျေးမှု မူလတန်ဖိုးများ၊ ဒေသခံလူမှုအသိုက်အဝန်း၏ပါဝင်မှုနှင့် အမွေအနှစ်များ၏စစ်မှန်မှုကို အလေးထားကာ တာဝန်ယူမှုရှိသော နည်းပညာအသုံးချမှုကို လိုက်နာရန်အရေးကြီးသည်။

### သမိုင်းဝင်အမွေအနှစ်များကို ဒီဂျစ်တယ်နှင့် AI နည်းပညာဖြင့် အနာဂတ်သို့ ချိတ်ဆက်ခြင်း

ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၊ မန္တလေးမြို့ရှိသမိုင်းဝင်မန္တလေးနန်းတော်၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများ၊ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးနှင့် မြန်မာနိုင်ငံအနှံ့ရှိ အဖိုးတန်အမွေအနှစ်များသည် မြန်မာ့ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာပညာနှင့် အနုပညာလက်ရာများ၏ ထူးခြားသောတန်ဖိုးကို ကမ္ဘာ့အသိုက်အဝန်းထံ ဂုဏ်ယူဝင့်ကြွားစွာ ဖော်ဆောင်ပြသလျက်ရှိပြီး လူသားမျိုးနွယ်စု၏ မျှဝေအမွေအနှစ်အဖြစ်လည်း အရေးပါသော အခန်းကဏ္ဍမှပါဝင်နေပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဉာဏ်ရည်တု၊ သုံးဖက်မြင် လေဆာတိုင်းတာစကင်ဖတ်ခြင်း၊ ဒီဂျစ်တယ်တူညီပုံစံ၊ မောင်းသူမဲ့လေယာဉ်ဖြင့် မြေပုံရေးဆွဲခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်ကဲ့သို့သော ခေတ်မီဒီဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းဖြင့် အမွေအနှစ်များကို တိကျစွာမှတ်တမ်းတင်ခြင်း၊ ပျက်စီးမှုအန္တရာယ်များကို ကြိုတင်အကဲဖြတ်ခြင်းနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ပါသည်။

ထို့အပြင် အတုမြင်ဖြစ်ရပ်မှန်၊ မြင်ကွင်းတိုးချဲ့နည်းပညာနှင့် ပေါင်းစပ်ဖြစ်ရပ်မှန်နည်းပညာများသည် သမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို အသက်ဝင်သော ဒီဂျစ်တယ်အတွေ့အကြုံဖြင့် လေ့လာခံစားနိုင်စေပြီး ယဉ်ကျေးမှုတန်ဖိုးများကို နားလည်သဘောပေါက်စေရန်နှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပါသည်။

သို့ရာတွင် AI နှင့် ဒီဂျစ်တယ်နည်းပညာများကိုအသုံးပြု၍ ရှေးဟောင်းအမွေအနှစ်များကို ပြန်လည်ဖော်ဆောင်ရာတွင် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းသုတေသန အထောက်အထားများနှင့် ပညာရှင်များ၏အတည်ပြုချက်များကိုအခြေခံ၍ ဆောင်ရွက်ရန်လိုအပ်သည်။ အမွေအနှစ်များ၏ မူလလက်ရာကို လွဲမှားစွာပြန်လည်ဖန်တီးခြင်းတို့သည် ယဉ်ကျေးမှုအမွေအနှစ်၏စစ်မှန်မှုကို ထိခိုက်စေနိုင်သည်။

### တိုင်းရင်းသားယဉ်ကျေးမှုအမွေအနှစ်များကို ဒီဂျစ်တယ်နည်းပညာဖြင့် ကမ္ဘာသို့မိတ်ဆက်ခြင်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီး၏ မတူကွဲပြားသော ဘာသာစကားများ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ အနုပညာလက်ရာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ ဂီတ၊ အကအလှများ၊ ရိုးရာပွဲတော်များနှင့်လူနေမှုဘဝပုံစံမျိုးစုံဖြင့် ယဉ်ကျေးမှုအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤမတူကွဲပြားမှုသည် မြန်မာ့ခရီးသွားလုပ်ငန်း၏ အရေးပါသောယှဉ်ပြိုင်နိုင်စွမ်းလည်းဖြစ်သည်။

ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် AI နည်းပညာများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း၊ မှတ်တမ်းတင်ကာ ကမ္ဘာသို့မိတ်ဆက်နိုင်ရန်အခွင့်အလမ်းသစ်များ ဖန်တီးပေးလျက်ရှိသည်။ AI အခြေပြု ဘာသာပြန်စနစ်များ၊ ဘာသာစကားစုံ အသံလမ်းညွှန်များနှင့် ဉာဏ်ရည်တုအခြေပြု ခရီးသွားအချက်အလက်ဝန်ဆောင်မှုစနစ်များကိုအသုံးချခြင်းဖြင့် ခရီးသွားဧည့်သည်များသည် မိမိတို့၏မိခင်ဘာသာစကားဖြင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာလေ့လာနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဒီဂျစ်တယ်တင်ဆက်မှုများ၌ ယဉ်ကျေးမှု၏မူလတန်ဖိုး၊ သမိုင်းမှန်ကန်မှုနှင့် ဒေသခံလူမှုအသိုက်အဝန်း၏ပါဝင်ဆုံးဖြတ်ခွင့်ကို အလေးထားကာ ရိုးရာအနုပညာနှင့် လက်မှုအမွေအနှစ်များကို အသုံးချရာတွင်လည်း သက်ဆိုင်ရာအသိုက်အဝန်း၏ သဘောတူညီမှုနှင့် အကျိုးခံစားခွင့်များကို အာမခံပေးရပါမည်။

### ဧည့်ဝတ်ကျေပွန်မှု၊ စိုက်ပျိုးရေးနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး

ခရီးသွားလုပ်ငန်း၏အောင်မြင်မှုကို ဆုံးဖြတ်ပေးသည့်အချက်များတွင် ဒေသခံပြည်သူများ၏ ဧည့်ဝတ်ကျေပွန်မှု၊ လူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်မှုနှင့် ယဉ်ကျေးမှုတန်ဖိုးများသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့်အတူ ဧည့်ဝတ်ကျေပွန်သည့် အစဉ်အလာကိုထိန်းသိမ်းထားသည်။

> **ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် AI နည်းပညာများသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း၊ မှတ်တမ်းတင်ကာ ကမ္ဘာသို့မိတ်ဆက်နိုင်ရန် အခွင့်အလမ်းသစ်များ ဖန်တီးပေးလျက်ရှိသည်။ AI အခြေပြုဘာသာပြန်စနစ်များ၊ ဘာသာစကားစုံ အသံလမ်းညွှန်များနှင့် ဉာဏ်ရည်တုအခြေပြု ခရီးသွားအချက်အလက်ဝန်ဆောင်မှုစနစ်များကို အသုံးချခြင်းဖြင့် ခရီးသွားဧည့်သည်များသည် မိမိတို့၏မိခင်ဘာသာစကားဖြင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာလေ့လာနိုင်မည်**

ယနေ့ကမ္ဘာတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းသည် အရေးပါသော ဖွံ့ဖြိုးရေးပုံစံတစ်ရပ်ဖြစ်လာသည်။ ထို့ပြင် စိုက်ပျိုးရေးအခြေပြု ခရီးသွားလုပ်ငန်းနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းတို့သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာရှိသည်။ ဒီဂျစ်တယ်နည်းပညာနှင့် AI တို့သည် ခရီးသွားဒေတာခွဲခြမ်းစိတ်ဖြာမှု၊ ခရီးစဉ်ကြိုတင်မှာယူမှုစနစ်များ၊ Digital Payment Platforms နှင့် တည်နေရာအခြေပြုဝန်ဆောင်မှုများမှတစ်ဆင့် ခရီးသွားလုပ်ငန်းပုံစံများကို အထောက်အကူပြုနိုင်သည်။ သို့သော် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် လူသားတန်ဖိုးများကို အစားထိုးရန်မဟုတ်ဘဲ ပိုမိုမြှင့်တင်ပေးရန်ဖြစ်ပါသည်။

### နယ်စပ်နှင့်တောင်တန်းဒေသ ခရီးသွားလုပ်ငန်းကို ဒီဂျစ်တယ်နည်းပညာဖြင့် ဖွံ့ဖြိုးစေခြင်း

နယ်စပ်နှင့် တောင်တန်းဒေသများသည် သဘာဝအလှတရားများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ထူးခြားသော ယဉ်ကျေးမှုတန်ဖိုးများဖြင့် ကြွယ်ဝသော်လည်း သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရသည်။ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးသည် ဒေသအလိုက်ကွာဟချက်များကိုလျှော့ချကာ ခရီးသွားလုပ်ငန်းကိုပိုမိုလက်လှမ်းမီ၊ ထိရောက်ပြီး အားလုံးပါဝင်နိုင်သည့်ကဏ္ဍတစ်ရပ်အဖြစ် ဖော်ဆောင်ပေးနိုင်မည့် အရေးပါသော မောင်းနှင်အားတစ်ရပ်ဖြစ်သည်။

အွန်လိုင်းခရီးစဉ်အချက်အလက်များ၊ ဒီဂျစ်တယ်မြေပုံများ၊ တည်နေရာအခြေပြုဝန်ဆောင်မှုများ၊ E-ticketing၊ စမတ်ငွေပေးချေမှုစနစ်များနှင့် အွန်လိုင်းကြိုတင်မှာယူမှုစနစ်များကို အသုံးချခြင်းဖြင့် ခရီးသွားများသည် ခရီးစဉ်များကို ပိုမိုလွယ်ကူစွာစီစဉ်နိုင်မည်ဖြစ်သည်။ သို့ရာတွင် ဒေသခံလူမှုအသိုက်အဝန်း၏ပါဝင်မှု၊ ဒီဂျစ်တယ်အသိပညာမြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန်လိုအပ်သည်။

### AI ဖြင့် စမတ်ခရီးသွားဝန်ဆောင်မှုများ ဖော်ဆောင်ခြင်း

AI နည်းပညာသည် စမတ်ခရီးသွားဝန်ဆောင်မှုများကို ဖော်ဆောင်ရာ၌ အရေးပါသော နည်းပညာတစ်ရပ်ဖြစ်လာသည်။ အချက်အလက်အခြေပြုခွဲခြမ်းစိတ်ဖြာမှု၊ AI အကူအညီဖြင့် ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှုနှင့် လိုအပ်ချက်များကို ပိုမိုနားလည်နိုင်သဖြင့် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လိုက်လျောညီထွေဖြစ်သော ခရီးစဉ်များကို စီစဉ်ပေးနိုင်သည်။

AI အခြေပြုမိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ရာသီဥတုအခြေအနေများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ၊ လည်ပတ်ရန်သင့်လျော်သော အချိန်ကာလများနှင့် ဒေသဆိုင်ရာရိုးရာပွဲတော်များကို အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်အကြံပြုနိုင်မည်ဖြစ်သည်။ AI အခြေပြုဘာသာစကားမျိုးစုံ အထောက်အကူပြုစနစ်များနှင့် ဒီဂျစ်တယ်ခရီးသွားလမ်းညွှန်များကိုလည်း အသုံးချနိုင်သည်။ အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများအရ နည်းပညာကို အကျိုးရှိစွာအသုံးချနိုင်ကြောင်းပြသလျက်ရှိသည်။ သို့သော် AI နည်းပညာကို အသုံးချရာတွင် ခရီးသွားလုပ်ငန်း၏အခြေခံတန်ဖိုးများဖြစ်သည့် သမိုင်းမှန်ကန်မှု၊ ယဉ်ကျေးမှုအရင်းအမြစ်၏စစ်မှန်မှု၊ ဒေသခံလူမှုအသိုက်အဝန်း၏ ပါဝင်ဆုံးဖြတ်ခွင့်နှင့် ကိုယ်ရေးအချက်အလက် လုံခြုံရေးတို့ကို အလေးထားရန် လိုအပ်သည်။

### အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်ခရီးသွားလုပ်ငန်း ဖော်ဆောင်ခြင်း

ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးသည် နည်းပညာတိုးတက်မှုသာမက လူတိုင်းအတွက် တန်းတူအခွင့်အလမ်းများဖန်တီးပေးနိုင်သည့် ဖွံ့ဖြိုးရေးလမ်းကြောင်းတစ်ရပ်လည်း ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ ကလေးများနှင့် မိသားစုခရီးသွားများအပါအဝင် လူတိုင်းအဆင်ပြေစွာအသုံးပြုနိုင်သည့် ဒီဂျစ်တယ်ဝန်ဆောင်မှုများ၊ AI အခြေပြုခရီးသွားလမ်းညွှန်စနစ်များနှင့် ဒီဂျစ်တယ်အသိပညာမြှင့်တင်ရေးတို့ကို အားပေးဆောင်ရွက်ခြင်းဖြင့် အားလုံးပါဝင်နိုင်သော ခရီးသွားလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သည်။

### ဆိုက်ဘာလုံခြုံရေးနှင့် ဒီဂျစ်တယ်ယုံကြည်မှုကို အခြေခံသော စမတ်ခရီးသွားလုပ်ငန်း

AI နှင့် ဒီဂျစ်တယ်နည်းပညာများကို ခရီးသွားလုပ်ငန်းတွင် ပိုမိုအသုံးပြုလာသည်နှင့်အမျှ ကိုယ်ရေးအချက်အလက်လုံခြုံရေး၊ အွန်လိုင်းငွေပေးချေမှုစနစ်များနှင့် ဒီဂျစ်တယ်ယုံကြည်မှုတို့ကို အထူးအလေးထားရန်လိုအပ်လာသည်။ လုံခြုံစိတ်ချရသော အွန်လိုင်းကြိုတင်စနစ်များ၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသော ငွေပေးချေမှုစနစ်များနှင့် ဆိုက်ဘာလုံခြုံရေးကို မြှင့်တင်နိုင်ပါက ခရီးသွားဧည့်သည်များ၏ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်ပြီး မြန်မာ့ခရီးသွားဝန်ဆောင်မှုများ၏ နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြင့်မားစေမည်ဖြစ်သည်။

### AI အခြေပြု ရာသီဥတုလိုက်လျောညီထွေသော ခရီးသွားလုပ်ငန်း

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် AI နှင့် ဒေတာခွဲခြမ်းစိတ်ဖြာမှု နည်းပညာများသည် ခရီးသွားဧည့်သည်စီးဆင်းမှုကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို စောင့်ကြည့်ကာကွယ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးစနစ်များကို အထောက်အကူပြုနိုင်ပါသည်။

ထို့ကြောင့် ရာသီဥတုလိုက်လျောညီထွေသော Climate-smart သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့သော ခရီးသွားဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့ကို ဟန်ချက်ညီစွာပေါင်းစပ်ပေးနိုင်မည့် ခေတ်မီခရီးသွားဖွံ့ဖြိုးရေးပုံစံတစ်ရပ် ဖြစ်ပါသည်။ စာမျက်နှာ ၁၁ သို့ ☆

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်




နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀ တို့အား ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် သာစည်မြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရတနာ

ခေါင်း-ခါး-ခြေ-လက်၊ ဥလေးချက်ဖြင့်
မပျက်ပါဝင် ကကြိုးဆင်
ဒို-ရေ-မီ-ဖာ-ဆို-လာ-တီ-ဒို
သံစဉ်ချိုမြ၊ သင်္ကေတဖြင့်
စာသပီပြင်၊ တေးသံလွင်
ကြေး-ကြိုး-သားရေ-လေ-လက်ခုပ်
တီးမှုတ်စုံစွာ၊ တူရိယာဖြင့်
မြိုင်စွာမြူးကြွ၊ စည်းဝါးကျလျက်
မြန်မာ့သံစဉ် ဂန္ထဝင်
ပြော် .........
ဆို-က-ရေး-တီး၊ ပြိုင်ပွဲကြီးကား
တိုင်းရင်းသားတို့၊ ရိုးရာစဉ်ဆက်
လက်ဆင့်ကမ်းလျက်
စုစည်းအားပြု၊ ယဉ်ကျေးမှုအမွေ
ရှေးရှုဝေစည်၊ မြန်ဌာနီ၏
တိုင်းပြည်လူမျိုး၊ ရတနာတည်း....။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်...။

**ရန်ကင်း-ကိုကိုလေး**

စာအုပ်စာပေ လူ့မိတ်ဆွေ
အလိမ္မာ စာမှာရှိ

☆ စာမျက်နှာ ၁၀ မှ

### ဒေသခံ MSMEs နှင့် ဒီဂျစ်တယ်ဈေးကွက်ကို ချိတ်ဆက်ခြင်း

ရေရှည်တည်တံ့သော ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကရည်မှန်းချက်မှာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် ခရီးသွားလုပ်ငန်း၏ ထောက်ပံ့ရေးကွင်းဆက်အတွင်း အရေးပါသောမောင်းနှင်အားတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တောင်တန်းဒေသများနှင့် တိုင်းရင်းသားဒေသများတွင် ရိုးရာလက်မှု အနုပညာများ၊ အထည်အလိပ်များ၊ ယွန်းထည်၊ ငွေထည်၊ ဝါးနှင့် ကြိမ်လက်မှုပစ္စည်းများ၊ ဒေသထွက်အစားအသောက်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များသည် ယဉ်ကျေးမှုအမွေအနှစ်နှင့် စီးပွားရေးတန်ဖိုးတို့ကိုကိုယ်စားပြုသည်။ AI အခြေပြုဒီဂျစ်တယ်ဈေးကွက်တင်စနစ်များ၊ E-commerce Platforms များနှင့် လူမှုကွန်ရက်အခြေပြု စီးပွားရေးဝန်ဆောင်မှုများကို အသုံးချခြင်းဖြင့် ဒေသခံ MSMES များသည် မိမိတို့၏ထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ ရောင်းချနိုင်မည်ဖြစ်သည်။ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များကိုလည်း တိုးချဲ့အသုံးပြုနိုင်မည်ဖြစ်သည်။

အာဆီယံနိုင်ငံများ၏အတွေ့အကြုံများအရ ဒေသခံ MSMEs များနှင့် ခရီးသွားလုပ်ငန်းကို ဟန်ချက်ညီစွာချိတ်ဆက်ဖွံ့ဖြိုးခြင်းသည် ဒေသစီးပွားရေးကို မြှင့်တင်ပေးသည့်အပြင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုကြောင်း တွေ့မြင်ရပါသည်။

### တာဝန်ယူမှုရှိသော AI အသုံးချမှုနှင့် ယဉ်ကျေးမှုကာကွယ်ရေး

နည်းပညာ၏စွမ်းအားကိုအသုံးချရာတွင် တိုးတက်မှုနှင့်အတူ တာဝန်ယူမှု၊ ကျင့်ဝတ်နှင့် ယဉ်ကျေးမှုတန်ဖိုးများကိုလည်း ထိန်းသိမ်းရန်လိုအပ်သည်။ ခရီးသွားလုပ်ငန်းသည် စီးပွားရေးကဏ္ဍတစ်ခုသာမက နိုင်ငံတစ်နိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုတန်ဖိုးများနှင့် အမျိုးသားအမှတ်သညာကို ကမ္ဘာသို့မိတ်ဆက်ပေးသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။

တိုင်းရင်းသားတို့၏ ရိုးရာပုံပြင်များ၊ ရိုးရာတေးဂီတများ၊ လက်မှုအနုပညာများ၊ ရိုးရာဝတ်စုံဒီဇိုင်းများကို AI စနစ်များဖြင့် ဒီဂျစ်တယ်ပြောင်းလဲတင်ဆက်ရာတွင် မူရင်းဖန်တီးသူများနှင့် ဒေသခံအသိုက်အဝန်းများ၏ သဘောတူညီမှု၊ အသိအမှတ်ပြုမှုနှင့် အကျိုးခံစားခွင့်များကိုအလေးထားရမည်ဖြစ်သည်။

ဉာဏပစ္စည်းမူပိုင်ခွင့်သည် ဒီဂျစ်တယ်ခေတ်ခရီးသွားလုပ်ငန်း၏အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သဖြင့် တိုင်းရင်းသားလက်မှုအနုပညာများ၊ ရိုးရာဒီဇိုင်းများနှင့် ဒေသထွက်ထုတ်ကုန်များအတွက် ပထဝီဝင်ညွှန်းကိန်းနှင့် ရိုးရာအသိပညာကာကွယ်ရေးကို အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။၂၁ ရာစု ဒီဂျစ်တယ်ခေတ်တွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအလှတရားများနှင့် ဧည့်ဝတ်ကျေပွန်မှုကို ဒီဂျစ်တယ်နည်းပညာနှင့် AI တို့ဖြင့် ပေါင်းစပ်ဖော်ဆောင်ကာ ရေရှည်တည်တံ့ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသောခရီးသွားလုပ်ငန်းကို တည်ဆောက်နိုင်မည့် အခွင့်အလမ်းကောင်းများရှိနေပါသည်။

သို့သော် နည်းပညာတိုးတက်မှုသည် ယဉ်ကျေးမှုတန်ဖိုးများနှင့် လူသားဆိုင်ရာ အခြေခံမှုများကို အစားထိုးရန်မဟုတ်ဘဲ ပိုမိုခိုင်မာစေရန်အသုံးချရမည်ဖြစ်သည်။ AI ကို အသုံးပြုရာတွင် သမိုင်းမှန်ကန်မှု၊ ယဉ်ကျေးမှုအရင်းအမြစ်များ၏စစ်မှန်မှု၊ ဒေသခံပြည်သူများ၏အခွင့်အရေးများ၊ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ဒေတာလုံခြုံရေးတို့ကို အလေးထားရမည်ဖြစ်သည်။

AI ခေတ်သစ်တွင် မြန်မာ့ခရီးသွားလုပ်ငန်း၏ အနာဂတ်သည် နည်းပညာတိုးတက်မှုနှင့် လူသားတန်ဖိုးများကိုဟန်ချက်ညီစွာ ပေါင်းစပ်အသုံးချနိုင်ခြင်းအပေါ် မူတည်လျက်ရှိသည်။ ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်၊ ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝကို မြှင့်တင်ရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းကိုတိုးတက်စေရန် အထောက်အကူပြုသည့် ကိရိယာများဖြစ်သင့်သည်။ စမတ်ကျမှု၊ ရေရှည်တည်တံ့မှု၊ အားလုံးပါဝင်နိုင်မှုနှင့် တာဝန်ယူမှုတို့ကိုအခြေခံသည့် ခရီးသွားလုပ်ငန်းစနစ်ကို အတူတကွဖော်ဆောင်နိုင်ပါက မြန်မာနိုင်ငံသည် ဒေသတွင်းနှင့်ကမ္ဘာ့ခရီးသွားမြေပုံပေါ်တွင် ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့် ခရီးသွားနေရာတစ်ခုအဖြစ် ပိုမိုထင်ရှားလာမည်ဖြစ်ပါသည်။ ။

# မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ချမ်းမြေ့ဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက သကျသီဟ နှင့် အစိုးရသိရီပဝရဓမ္မာစရိယ သက်တော် (၉၉)နှစ် သိက္ခာတော်(၇၉)ဝါရှိ ချမ်းမြေ့ဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကို သာသနာ ထုံးစံနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်(ပထမပိုင်း) ဒါနသီလ ဘာဝနာ ပူဇာနှင့် ပတ္တိဒါနကို ရန်ကုန်မြို့ကမ္ဘာအေး စေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဝင်းအတွင်း စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် သံဃာတော်များအား နေ့ဆွမ်းကပ်၍ ဧည့်ပရိသတ်တို့အား နံနက်စာ ထမင်း၊ ဟင်းဘူးများ ဝေငှလှူဒါန်းမည် ဖြစ်သည်။

မွန်းလွဲ၁၂ နာရီခွဲတွင် အန္တိမ အဂ္ဂိစျာပန သာဓုကီဠနပူဇာ အခမ်းအနားစတင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် ချမ်းမြေ့ဆရာတော်ကြီး၏ ကြိုးစားကြပါစို့ ဟူသော ချမ်းမြေ့အဓိဋ္ဌာန်နှင့် သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေဟူသော ချမ်းမြေ့မေတ္တာပို့ဆုတောင်း စုပေါင်းရွတ်ဆို ပူဇော်ခြင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါး သီလခံယူဆောက်တည်ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး ရေးသားထားသော ဘုရား၊ တရား၊ သံဃာရှိခိုးခြင်းအကျဉ်းဖြင့် စုပေါင်း ရှိခိုးခြင်း၊ သံဃာတော်များက အနိစ္စဝတ သင်္ခါရာ(၃)ဂါထာရွတ်ဆို၍ သံဝေဂဉာဏ်ပွား များခြင်း၊ နိုင်ငံခြားသား ယောဂီများက အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းရွတ်ဖတ်ပူဇော် ခြင်း၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ် တော်အား စိန်ကတ္တီပါ လွှမ်းခြုံပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းခြင်း၊ ချမ်းမြေ့ဆရာ တော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြား ပူဇော်ခြင်း၊ မဟာ ထေရ ဂုဏပူဇာသံဝေဇနီယ ဂါထာ ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက် သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ပေးပို့သော သံဝေဂဉာဏ်ပွားကြောင်း သဝဏ်လွှာ၊ ရွှေကျင်နိကာယ ဗဟိုဌာန၏ သံဝေဂိယကထာ သဝဏ်လွှာ၊သာသနာရေး ဝန်ကြီးဌာနက ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတို့ကို ဖတ်ကြားပူဇော်ခြင်း၊ ရွှေကျင်နိကာယ ဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဋသမရွှေကျင်သာသနာ ပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဇမဟာ ရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူ ဆရာတော်ကြီးထံမှ သံဝေဂတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ အပြစ်ရှိက သည်းခံခွင့်လွှတ်ပါရန် ချမ်းမြေ့ ဆရာတော်ကြီးအား တောင်းပန်ကန်တော့ ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး၏ ဥတုဇရုပ် ကလာပ်တော်အား ကရဝိက်ဖောင်တော် ပေါ်သို့ ကြွရောက်ပါရန် အဘိယာစန နိမန္တန ဂါထာဖြင့် တောင်းပန်လျှောက်ထားခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ် သည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ရာ၌ ဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော်ကို တပည့်သံဃာတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော် ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့် ဒါယကာ ဒါယိကာမများက အစီအစဉ်တကျ ထမ်းရွက်ပင့်ဆောင်ကြမည်ဖြစ်သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် အန္တိမ အဂ္ဂိစျာပန မီးသင်္ဂြိုဟ်ပူဇော်ခြင်း အစီအစဉ်ကို ညနေပိုင်းတွင် သဃ်န်းကျွန်း မြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်အရ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကရဝိက် ဖောင်တော်ပေါ်မှ အစီအစဉ်အတိုင်းပင့်ဆောင် ၍ တပည့်သံဃာတော်များက မီးသင်္ဂြိုဟ် ပူဇော်မည့် လောင်တိုက်တော်ကို လက်ယာရစ် သုံးပတ် လှည့်လည်ပင့်ဆောင်ပူဇော်ခြင်း၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိစျာပန မီးပူဇော်ခွင့်ပြုပါရန် တောင်းပန်လျှောက်ထားသော အဘိယာစန နိမန္တနဂါထာတော်ကို ဖတ်ကြားပူဇော်ခြင်း၊ တပည့်ကြီး(၃)ပါးတို့က စက်ခလုတ်နှိပ်၍ ဆရာတော်ကြီး ဥတုဇရုပ်ကလာပ်တော်ကို မီးပူဇော်ချိန်တွင် တပည့်သံဃာ၊ ဒကာ ဒကာမများက အနိစ္စာဝတ သင်္ခါရာအစ ချီသော (၃)ဂါထာကို ရွတ်ဆိုပူဇော်၍ သံဝေဂဉာဏ်ပွားများခြင်း၊ တာဝန်ရှိ ပုဂ္ဂိုလ်များက ဆရာတော်ကြီး၏ အရိုး ဓာတ်ပြာများ စောင့်ယူပင့်ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက် ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့ အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ရွှေနံ့သာ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ငန်းစပ်)၊ ဒက္ခိဏသီရိမြို့နယ် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)(မန်ကျီးကုန်း)၊ တပ်ကုန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ဒဟတ်ကုန်း)နှင့် အခြေခံပညာအထက်တန်း ကျောင်း (အလယ်ကျွန်း) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာ ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည် ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်း ကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူ များနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက် များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက် ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက် တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာ များ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ နေပြည်တော် အဖွဲ့စုမှူး ဦးစီး ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် အုတ်တွင်းမြို့နယ် ဖောဓိကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဘုရားရင်ပြင်၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီး ခနောင်တိုမြို့နယ် မြို့မရဲစခန်းမှ ရဲမှူး၊ ဒု-ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ခနောင်တိုအရှေ့ရပ်ကွက်ရှိ မြို့နယ်ဒေသန္တရဆေးပေးခန်း ပတ်ဝန်းကျင် ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဝေယံ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်းရှိ Bar နှင့် Unplugged စားသောက်ဆိုင်များမှ ဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ခြင်းကို စက်တင်ဘာ ၂၄ ရက်က စမ်းချောင်းမြို့နယ် မီးသတ်စခန်း၌ ဆောင်ရွက်စဉ်။ အာကာ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၂၄ ရက်တွင် ဒဂုံမြို့နယ် မဟာဝိဇယစေတီတော် မြတ်ကြီး ဘုရားဝင်း၌ ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယ ရဲမှူးကြီး ဦးစီးတပ်ဖွဲ့ဝင် ၇၁ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက် စဉ်။ အောင်မြင့်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် မင်္ဂလာဒုံမြို့နယ် အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ဝင်များ က စက်တင်ဘာ ၂၄ ရက်တွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်သန်း(ပြန်/ဆက်)

# တရုတ်သမ္မတ ရှီကျင့်ဖျင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်





ပေကျင်း စက်တင်ဘာ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ နိုင်ငံတော်အဆင့်ခရီးစဉ် သွားရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းမြို့မှ ယမန်နေ့က ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

သမ္မတရှီနှင့်အတူ ၎င်း၏ဇနီးဖြစ်သူ ပန်လီယွမ်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေရုံး ညွှန်ကြားရေးမှူးဖြစ်သူ ချိုင်ချီနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့ လိုက်ပါသွားသည်။

အဆိုပါခရီးစဉ်သည် စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ယခုခရီးစဉ်သည်မေလအတွင်း သမ္မတထရမ့်၏ တရုတ်နိုင်ငံခရီးစဉ်နောက်ပိုင်း ယခုနှစ်အတွက် ဒုတိယအကြိမ်မြောက် အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲ ဖြစ်လာမည်ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးက ကမ္ဘာလုံးဆိုင်ရာ အရေးပါသောကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကော့ကျိဓွန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

သမ္မတနှစ်ဦးအနေဖြင့် ခြောက်လတာကာလအတွင်း အပြန်အလှန် ခရီးစဉ်များ သွားရောက်ခြင်းသည် နှစ်နိုင်ငံအတွက် သမိုင်းဝင် အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံက အမေရိကန်နိုင်ငံနှင့်အတူ ပူးပေါင်းပြီး မဟာဗျူဟာမြောက် တည်ငြိမ်မှုရှိသည့် တရုတ်-အမေရိကန် အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေရန်၊ ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် ကွဲပြားခြားနားချက်များကို သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကိစ္စရပ်များအပြင် နိုဝင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် လက်ရှိအမေရိကန်-တရုတ် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် အပါအဝင် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးတို့ ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု ထပ်လောင်းအတည်ပြု

ဝါရှင်တန် စက်တင်ဘာ ၂၄

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီ ဆာနေးတို့က ယမန်နေ့တွင် တွေ့ဆုံပြီး ကာကွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ လုံခြုံရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်းအတည်ပြုရန် သဘောတူညီခဲ့ကြောင်း သိရသည်။



ခေါင်းဆောင်နှစ်ဦးစလုံးက ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေး တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ်ခဲ့သော အဆိုပါ ထိပ်သီးဆွေးနွေးပွဲသည် မိနစ် ၃၀ ကျော် ကြာမြင့်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံ၏ စက်မှုကဏ္ဍ ကောင်းမွန်စွာလည်ပတ်လျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိနေသည့်အတွက် ဂျပန်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းသည် ဂုဏ်ယူစရာဖြစ်ကြောင်း သမ္မတထရမ့်က ပြောကြားသည်။

၎င်းတို့၏ မဟာမိတ်ဆက်ဆံရေးခိုင်မာမှုကို ကမ္ဘာကို ပြသနိုင်မည့် အခွင့်အရေးကို ရယူလိုကြောင်း ဝန်ကြီးချုပ် ဆာနေး က ပြန်လည်ပြောကြားခဲ့သည်။

ထို့ပြင် ဉာဏ်ရည်တုနည်းပညာ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အရေးပါသော သတ္တုသယံဇာတများကဲ့သို့သော ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း ဆာနေးက ထပ်လောင်းပြောကြားသည်။

စီးပွားရေးကဏ္ဍနှင့် ပတ်သက်ပြီး ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၌ ခုနစ်နှစ် ဆက်တိုက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ထားသည့် နိုင်ငံဖြစ်ကြောင်း ဆာနေးက ထောက်ပြပြောဆိုခဲ့သည်။

ခေါင်းဆောင်နှစ်ဦးစလုံးက နှစ်နိုင်ငံ စီးပွားရေးဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကတိကဝတ်ပြုထားကြောင်းကိုလည်း အတည်ပြုခဲ့ကြသည်။

ထို့ပြင် နိုင်ငံတကာ ငွေကြေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ၎င်းတို့က အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

# ဂါဇာဒေသ ငြိမ်းချမ်းရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဟားမတ်စ် ပြောကြား

ဂါဇာ စက်တင်ဘာ ၂၄

ဂါဇာဒေသ ငြိမ်းချမ်းရေးဘုတ်အဖွဲ့နှင့် လက်တွဲ၍ ဂါဇာဒေသ ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစ္စရေးက ဟန့်တားနေခြင်းဖြင့် အစ္စရေးအစိုးရ၏ ငြိမ်းချမ်းရေးကိုမလိုလားသည့် အပြုအမူနှင့် ဂါဇာဒေသခံများအား ကျူးကျော်တိုက်ခိုက်လိုသည့် ရပ်တည်ချက်ကို ပြသနေပြီး ငြိမ်းချမ်းရေးဘုတ်အဖွဲ့နှင့် ၎င်း၏ ကိုယ်စားလှယ်များကိုလည်း လုပ်ငန်းမဆောင်ရွက်နိုင်ရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဟေဇန်ကွာဆန်က ပြောကြားသည်။ အမေရိကန်တာဝန်ရှိသူများနှင့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့အနေဖြင့် လက်ရှိအချိန်တွင် ပညာရှင်များဆိုင်ရာကော်မတီအား ဂါဇာဒေသအတွင်းတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသင့်ပြီး နိုင်ငံတကာ တပ်ဖွဲ့များကိုလည်း တပ်စွဲစေသင့်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်သမ္မတထရမ့် ဦးဆောင်သည့် ဂါဇာဒေသငြိမ်းချမ်းရေးဘုတ်အဖွဲ့သည် ဇူလိုင် ၃၁ ရက်တွင် အချက် ၁၅ချက်ပါဝင်သည့် ငြိမ်းချမ်းရေးအဆိုပြုချက်ကို တင်ပြပြီး ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ရပ်ဆိုင်းရန်နှင့် အရပ်သားအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းရေး တောင်းဆိုခဲ့သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ၌ ခရီးရှည်ချီတက်ပွဲအောင်ပွဲ နှစ် (၉၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကျင်းပ

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်အလုပ်သမားနှင့် လယ်သမားတပ်နီတော်၏ ခရီးရှည်ချီတက်ပွဲ အောင်ပွဲ နှစ်(၉၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲကြီးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့ တရုတ်ပြည်သူ့တော်လှန်ရေး စစ်သမိုင်းပြတိုက်၌ ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးရှည်ချီတက်ပွဲအောင်ပွဲသည် ကမ္ဘာကြီးကို အံ့အားသင့်စေခဲ့ပြီး သမိုင်းမှတ်တမ်းတွင်ထင်ရှားခဲ့ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင် စိုင်ချီက အဆိုပါ အခမ်းအနားဖွင့်ပွဲတွင် ပြောကြားသည်။ အဆိုပါခရီးရှည်ချီတက်ပွဲသည် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့တော်လှန်ရေးအတွက် ကြီးကျယ်သည့် အပြောင်းအလဲတစ်ခုဖြစ်ခဲ့ပြီး တရုတ်အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နှိုးဆန်းသစ်လာခြင်းဆိုင်ရာ သမိုင်းဝင်ဖြစ်စဉ်တွင် ကြီးမားခမ်းနားသော မှတ်တိုင်တစ်ခုအဖြစ် ရပ်တည်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ခရီးရှည်ချီတက်ပွဲအောင်ပွဲသည် ၁၉၃၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်း



တရုတ်ကွန်မြူနစ်ပါတီ ဦးဆောင်သော တပ်နီတော်က ကူမင်တန်တပ်ဖွဲ့များ၏ ဝန်းရံပိတ်ဆို့မှုကို ထိုးဖောက်တိုက်ခိုက်ချီတက်နိုင်ခဲ့သည့် ကြီးကျယ်ခမ်းနားသော စစ်ရေးချီတက်မှုတစ်ခုဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွင်း တပ်နီတော်စစ်သည်များသည် အရှိန်ပြင်းပြင်းဖြင့်စီးဆင်းနေသည့် မြစ်များ၊ နှင်းဖုံးနေသည့်တောင်တန်းများနှင့် အန္တရာယ်များသည့် မြက်ခင်းပြင်များကို ရဲဝံ့စွာဖြတ်သန်းချီတက်ခဲ့ကြပြီး ၎င်းစစ်ရေးအောင်မြင်မှုမှနေ၍ တရုတ်ပြည်သူ့တော်လှန်ရေး အောင်မြင်စေရန်အတွက် အုတ်မြစ်ချပေးခဲ့ကြောင်း သိရသည်။ တရုတ်ကွန်မြူနစ်များနှင့် တပ်နီတော်တပ်သားများ၏ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်သည် တရုတ်နိုင်ငံသားများအား အခက်အခဲများမှ ကျော်လွှားပြီး အောင်ပွဲတစ်ခုမှ တစ်ခုသို့ ရှေ့ဆက်ရန်တွန်းအားပေးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ယခုပြပွဲသည် မျိုးချစ်စိတ်နှင့် တော်လှန်ရေးဆိုင်ရာ ယဉ်ကျေးမှုများကို အသိပညာပေးသည့် အရေးကြီးသော စင်္ကြံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ရှေ့ခရီးတွင် ခရီးရှည်ချီတက်ပွဲစိတ်ဓာတ်အား သယ်ဆောင်သွားရန် လမ်းပြခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ယခုပြပွဲရှိ အဓိကပြခန်းခုနစ်ခန်းတွင် ဖူးယီအစည်းအဝေး၊ အဓိကဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးများနှင့် ခရီးရှည်ချီတက်ပွဲဆိုင်ရာခိုင်မြဲသည့်အမွေအနှစ်များကို အင်္ဂလိပ်ဘာသာစာတန်းထိုးဖြင့် ပြသထားကြောင်း သိရသည်။

ဆင်ဟွာ

# စိန်လား - မြလား - ဆေးဝါးလား

**နန်းအိမ်**

ကျွန်မက ကျောက်မျက်ကို အလွန်တန်ဖိုးထား ချစ်မြတ်နိုးသူတစ်ယောက်ဖြစ်သလို ဘိုးဘွားစဉ်လာ ကျောက်မျက်လုပ်ငန်းနဲ့လည်း နှစ်ပေါင်းများစွာ နီးစပ်ခဲ့သူတစ်ယောက်ဖြစ်တဲ့အတွက် ကျောက်မျက်တစ်လုံးရဲ့ အလှ၊ တန်ဖိုးနဲ့ နောက်ကွယ်က သမိုင်းကို အလေးအနက်ထားတတ်သူပါ။

ဒါပေမဲ့ အခုတစ်လော လူမှုကွန်ရက်တွေကို ကြည့်ရင်း မေးခွန်းတစ်ခုပေါ်လာပါတယ်။

မြန်မာနိုင်ငံဟာ ပတ္တမြား၊ နီလာနဲ့ ကျောက်စိမ်းတို့ကြောင့် ကမ္ဘာတစ်ဝန်း အလွန်ကျော်ကြားတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ယခုအထိ **"မြန်မာ့ ခိုသွေး ပတ္တမြား"** ဆိုရင် ကမ္ဘာ့ကျောက်ဈေးကွက်မှာ သရဖူဆောင်းနေဆဲပါ။ ကမ္ဘာ့ကျောက်မျက်လောကမှာ မြန်မာနိုင်ငံက ထွက်တာလို့ပြောပြီဆိုတာနဲ့တင် ကျောက်ဈေးက အလိုလိုအပေါ်ကို ဆွဲတက်သွားတာပါ။

ကိုယ့်မြေကထွက်တဲ့ ကျောက်မျက်အမွေအနှစ်တွေက ဒီလောက်ထိထူးခြားနေတာကို ပိုင်ဆိုင်ထားလျက်နဲ့ အခုနောက်ပိုင်းကာလတွေမှာ ပြည်ပက တင်သွင်းလာတဲ့ မြကြီးကြီးတွေ၊ စိန်ကြီးကြီးတွေကို ဘယ်သူက ပိုကြီး၊ ဘယ်သူ့ဟာက ပိုတန်ဖိုးကြီးဆိုပြီး အွန်လိုင်းပေါ်မှာ အပြိုင်အဆိုင်ပြသနေကြတာကို ယခင်ကထက်ပိုတွေ့နေရပါတယ်။ သူဌေးကတော်တွေနဲ့ ဆယ်လီတွေ အိန္ဒိယက အမ်ဘာနီမိသားစုကိုအားကျပြီး ဝယ်ပြ၊ ဝတ်ပြနေသလို ထင်ရပါတယ်။

**ခြေချင်းလိမ်နေရလောက်အောင် စုပြုံဝယ်ယူခဲ့ကြ**

၂၀၂၆ ခုနှစ် စက်တင်ဘာ ၈ - ၁၂ ရက်အထိ ကျင်းပခဲ့တဲ့ (၇၄)ကြိမ်မြောက် ဗန်ကောက် ကျောက်မျက်ရတနာပြပွဲမှာ နိုင်ငံပေါင်း ၁၂၃ နိုင်ငံက ဝယ်ယူသူနဲ့ လာရောက်လည်ပတ်သူ ၅၀၀၀၀ ကျော်ရှိခဲ့ပြီး နိုင်ငံအလိုက် လာရောက်သူအရေအတွက်မှာ မြန်မာနိုင်ငံက အိန္ဒိယပြီးရင် ဒုတိယနေရာမှာရှိခဲ့ပါတယ်။ စိန်ဆိုင်တွေနဲ့ မြဆိုင်တွေမှာ မြန်မာတွေ ခြေချင်းလိမ်နေရလောက်အောင် စုပြုံဝယ်ယူခဲ့ကြပါတယ်တဲ့။

ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ မြထွက်တဲ့နိုင်ငံမဟုတ်သလို စိန်လည်းရောင်းတမ်းဝင်လောက်အောင် များများစားစားထွက်တဲ့နိုင်ငံမဟုတ်ပါ။ ဒီလိုကျောက်မျက်တွေကို ပြည်ပကနေ တင်သွင်းရပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ အခြေအနေကိုလည်း တစ်ချိန်တည်းမှာ ထည့်စဉ်းစားကြည့်သင့်ပါတယ်။

အခုအချိန်မှာ နိုင်ငံခြားငွေကြေးအခက်အခဲတွေကြောင့် ပြည်တွင်းမှာ မထုတ်လုပ်နိုင်သေးတဲ့ မရှိမဖြစ် ဆေးဝါးတွေတောင် တင်သွင်းရဖို့ အခက်အခဲတွေရှိနေပါတယ်။

နာမကျန်းဖြစ်နေတဲ့ လူတစ်ယောက်အတွက် လိုအပ်တဲ့ဆေးဝါးကို "ဒီနေ့မရရင် နောက်လမှ ဝယ်မယ်" လို့ ရွှေ့ဆိုင်းလို့မရပါဘူး။ ဒါပေမဲ့ ပြည်ပကတင်သွင်းလာတဲ့ မြနဲ့စိန်ကိုတော့ ဒီနေ့ မဝယ်ရင်လည်း အသက်အန္တရာယ်မရှိပါဘူး။

အဲဒီကွာခြားချက်လေးကို ကျွန်မတို့အားလုံး တစ်ခဏလောက်ရပ်ပြီး စဉ်းစားလိုက်ကြရအောင် ...........။

နိုင်ငံခြားငွေကြေးကို ချွေတာဖို့ မရှိမဖြစ်ပစ္စည်းတွေကိုတောင် တင်းကျပ်စွာ ကန့်သတ်နေရတဲ့ အချိန်မှာ မလိုအပ်တဲ့ ဇိမ်ခံပစ္စည်းတွေအတွက်တော့ နိုင်ငံခြားငွေကို ဘာကြောင့် ဆက်လက်သုံးစွဲနေသင့်ပါသလဲ။

နိုင်ငံခြားငွေကြေးကို အမှန်တကယ်ထိန်းသိမ်းဖို့ လိုအပ်နေတယ်ဆိုရင် အသက်ကယ်ဆေးဝါးတွေ၊ ဆေးဘက်ဆိုင်ရာပစ္စည်းတွေ၊ အစားအသောက်နဲ့ ပြည်တွင်းထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ ကုန်ကြမ်းတွေလို မရှိမဖြစ်ပစ္စည်းတွေကို ဦးစားပေးပြီး အသက်ရှင်နေထိုင်ရေးအတွက် မလိုအပ်တဲ့ ဇိမ်ခံပစ္စည်းတွေကို ပထမတန်းဦးစားပေး တင်းကျပ်စွာ ကန့်သတ်ဖို့ စဉ်းစားပေးလိုက်ရင် ပိုမကောင်းဘူးလား။

နိုင်ငံမှာလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်တွင်းထုတ်ကုန်တွေကို အထူးအလေးပေး အားပေးနေချိန်ပါ။ ခေါင်းဆောင်က သွားသင့်တဲ့ လမ်းကြောင်းကို သေချာချမှတ်ပေးပြီးသားပါ။

**❝နိုင်ငံခြားငွေကြေးကို အမှန်တကယ်ထိန်းသိမ်းဖို့ လိုအပ်နေတယ်ဆိုရင် အသက်ကယ်ဆေးဝါးတွေ၊ ဆေးဘက်ဆိုင်ရာပစ္စည်းတွေ၊ အစားအသောက်နဲ့ ပြည်တွင်းထုတ်လုပ်ရေးအတွက် လိုအပ်တဲ့ကုန်ကြမ်းတွေလို မရှိမဖြစ်ပစ္စည်းတွေကို ဦးစားပေးပြီး အသက်ရှင်နေထိုင်ရေးအတွက် မလိုအပ်တဲ့ ဇိမ်ခံပစ္စည်းတွေကို ပထမတန်းဦးစားပေး တင်းကျပ်စွာ ကန့်သတ်ဖို့ စဉ်းစားပေးလိုက်ရင် ပိုမကောင်းဘူးလား❞**

**❝အခုလိုအချိန်မှာ ကျွန်မတို့ရဲ့ စစ်မှန်တဲ့ဂုဏ်ယူမှုက ပြည်ပက တင်သွင်းလာတဲ့ ကျောက်မျက်တွေနဲ့ ဇိမ်ခံပစ္စည်းတွေကို ဝတ်ပြ၊ သုံးပြနေတာထက် ကိုယ့်တိုင်းပြည်ထွက်ပစ္စည်းတွေကို တန်ဖိုးထား ချစ်မြတ်နိုးပြီး ကိုယ့်ပြည်သူတွေရဲ့ အမှန်တကယ်လိုအပ်ချက်ကို နှလုံးသားနဲ့ ထည့်သွင်းစဉ်းစားပေးနိုင်တဲ့ စိတ်ဓာတ်ပါပဲ❞**

လိုက်လုပ်ရမှာက သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်နဲ့ ပြည်သူတွေပါ။

**ကျောက်စိမ်းဘုရင်**

ပြည်သူတွေကို **"ပြည်တွင်းထုတ်ကို ဝယ်ပါ"** လို့ ပြောရုံနဲ့တော့ ကျွန်မတို့မလုံလောက်ပါဘူး။ ပြည်တွင်းထုတ်လုပ်သူတွေကို အရည်အသွေးကောင်းအောင်၊ နိုင်ငံတကာစံနှုန်းမီအောင်၊ ယုံကြည်စိတ်ချရအောင် ထုတ်လုပ်နိုင်ဖို့လည်း အမှန်တကယ် အားပေးပံ့ပိုးပေးရပါမယ်။

အထူးသဖြင့် ကျောက်မျက်ကဏ္ဍမှာတော့ ကျွန်မတို့မှာ တခြားနိုင်ငံတွေထက် ထူးခြားတဲ့ အားသာချက်တစ်ခု ရှိပြီးသားပါ။ အဲဒါကတော့ ကျွန်မတို့ရဲ့ ကျောက်မျက်အမွေအနှစ်ပါ။

ကမ္ဘာ့အကောင်းဆုံး ပတ္တမြားတွေထဲက အများစုဟာ မြန်မာ့မြေကထွက်တာပါ။ မြန်မာ့ကျောက်စိမ်းကတော့ တုနှိုင်းမမီလောက်အောင် ကျောက်စိမ်းဘုရင်အဖြစ် ဈေးကွက်မှာ ရပ်တည်နေဆဲပါ။ အလားတူ မြန်မာ့နီလာ၊ မြန်မာ့ပယင်းနဲ့ အခြားကျောက်မျက်ရတနာတွေကလည်း ကမ္ဘာ့ဈေးကွက်မှာ ကိုယ်ပိုင်ဂုဏ်သတင်းနဲ့ အခိုင်အမာရှိနေဆဲပါ။ အခုနောက်ပိုင်းကာလ ကမ္ဘာ့ကျောက်မျက်ရတနာ လေလံတင်ပွဲတွေမှာ မြန်မာ့ကျောက်မျက်ရတနာတွေက ပိုလို့တောင် ထိပ်ဆုံးကနေ မားမားမတ်မတ်ရပ်တည်ပြီး မြန်မာ့ဂုဏ်ကို ဆွဲတင်နေဆဲပါ၊ သရဖူဆောင်းနေဆဲပါ။

ဒါကြောင့် ကျွန်မတို့ဟာ ပြည်ပက တင်သွင်းလာတဲ့ မြနဲ့စိန်ကို ဘယ်သူက ပိုကြီး၊ ဘယ်သူ့ဟာက ပိုတန်ဖိုးကြီးဆိုပြီး အွန်လိုင်းမှာ အပြိုင်အဆိုင်ကြွားနေကြတာထက် ကိုယ့်နိုင်ငံကထွက်တဲ့ ကျောက်မျက်တွေရဲ့တန်ဖိုးကို ဘယ်လိုပိုမြှင့်တင်မလဲ၊ နိုင်ငံတကာစံနှုန်းတွေနဲ့ ဘယ်လိုယုံကြည်စိတ်ချရအောင်လုပ်မလဲ၊ မြန်မာ့ကျောက်မျက် အမှတ်တံဆိပ်ကို ကမ္ဘာ့ဈေးကွက်မှာ ဘယ်လိုပိုခိုင်မာအောင် တည်ဆောက်မလဲဆိုတာကို ပိုပြီး အာရုံစိုက်သင့်တယ်လို့ ကျွန်မမြင်မိပါတယ်။

ဇိမ်ခံပစ္စည်းတွေ မဝယ်သင့်ဘူးလို့ မပြောပါဘူး၊ အဲဒီလို မဆိုလိုပါဘူး။ လူတိုင်းမှာ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပါတယ်။ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပိုင်ဆိုင်တာကို လွတ်လပ်စွာ လူသိရှင်ကြား ထုတ်ပြခွင့်ရှိပါတယ်။

ကျွန်မဆိုလိုချင်တာက အချိန်အခါနဲ့ နိုင်ငံရဲ့ အခြေအနေကိုကြည့်ပြီး ဘာကိုဦးစားပေးသင့်သလဲ ဆိုတာကို ကျွန်မတို့အားလုံး ပြန်စဉ်းစားကြဖို့ပါ။

နိုင်ငံခြားငွေကြေး ရှားပါးနေချိန်မှာ မရှိလည်း အသက်ရှင်နိုင်တဲ့ ဇိမ်ခံပစ္စည်းနဲ့ ကိုယ့်မှာ မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးကို တူညီတဲ့အလေးထားမှုနဲ့ မမြင်သင့်ပါဘူး။

မြတစ်လုံးက ကျွန်မတို့ရဲ့အဆင့်အတန်းကို ပြနိုင်ပါတယ်။

စိန်တစ်လုံးက ကျွန်မတို့ရဲ့ ချမ်းသာမှုကို ပြနိုင်ပါတယ်။

ဒါပေမဲ့ ဆေးဝါးကတော့ လူတစ်ယောက်ရဲ့ အသက်ကို ကယ်နိုင်ပါတယ်။

ဒါကြောင့် ကျွန်မကိုယ်တိုင်ကျောက်မျက်ချစ်သူတစ်ယောက်အနေနဲ့ မေးချင်တာက...

ကျွန်မတို့ ဘာကို ပိုဂုဏ်ယူသင့်သလဲ။

ဘာကို ပိုတန်ဖိုးထားသင့်သလဲ။

ပြီးတော့ ဒီအချိန်မှာ နိုင်ငံခြားငွေကို ဘာအတွက် အရင်သုံးသင့်ပါသလဲ။

ကျွန်မတို့မှာ ဂုဏ်ယူစရာ ပြည်တွင်းကျောက်မျက်အမွေအနှစ်ကြီးတစ်ခု ရှိပြီးသားပါ။

အခုလိုအချိန်မှာ ကျွန်မတို့ရဲ့ စစ်မှန်တဲ့ဂုဏ်ယူမှုက ပြည်ပကတင်သွင်းလာတဲ့ ကျောက်မျက်တွေနဲ့ ဇိမ်ခံပစ္စည်းတွေကို ဝတ်ပြ၊ သုံးပြနေတာထက် ကိုယ့်တိုင်းပြည်ထွက်ပစ္စည်းတွေကို တန်ဖိုးထား ချစ်မြတ်နိုးပြီး ကိုယ့်ပြည်သူတွေရဲ့ အမှန်တကယ် လိုအပ်ချက်ကို နှလုံးသားနဲ့ ထည့်သွင်းစဉ်းစားပေးနိုင်တဲ့ စိတ်ဓာတ်ပါပဲ။

တိုင်းပြည်ချစ်စိတ်ဆိုတာ ပြသဖို့မဟုတ်ပါဘူး... လုပ်ပြဖို့ပါ။ ။

## လှည်းကူးမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မင်္ဂလာဒုံမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက် မြန်မာပြည် ယန္တရားအခြေစိုက်ရုံးဝင်းအတွင်း ဂိုဒေါင်တစ်လုံး တည်ဆောက်ရန်နှင့် အောက်မြန်မာပြည် ယန္တရားအခြေစိုက်ရုံးဝင်းအတွင်း ရုံးပတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**အိရွှေစင်လတ်(ပြန်/ဆက်)**

## ဘားအံမြို့နယ် လှာကဒေါင်အင်းခရီးစဉ်ဒေသ၌ ငါးမျိုးစိုက်ထည့်

ဘားအံ စက်တင်ဘာ ၂၄

ပြည်နယ်အတွင်း ငါးသယံဇာတများတိုးပွားစေရေးနှင့် ငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့နယ်လှာကဒေါင်ကျေးရွာအုပ်စု လှာကဒေါင်အင်း သဘာဝခရီးစဉ်ဒေသ၌ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်သန်ကြီးထွားရန် အကောင်းဆုံး အရွယ်ရှိသည့် ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်း ကောင်ရေ တစ်သိန်းကို စုပေါင်း ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် 1 NESS International School တို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးနေမင်းထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း၊ 1 NESS International School မှ ဒေါ်ဂျူလိုင်မိုးမြင့်က တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ်လည်းကောင်း ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# သဃ်န်းကျွန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ရတနာသိဒ္ဓိနှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ပြည်သူ့အကျိုးပြု ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သဃ်န်းကျွန်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်



ရမည်းသင်း စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံးမှ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဖြင့် ဖွင့်လှစ်သော ဆီးသီး၊ မန်ကျည်းသီးနှင့် ငရုတ်သီး အခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကံသာအေးကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးချစ်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လွိုင်လင်မြို့၌ ပြည်နယ်အဆင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ပထမဆုရ ကဗျာလွတ်အကအဖွဲ့အား ကြိုဆို

လွိုင်လင် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လမ်းဆုံမီးပွိုင့်တွင် ခရိုင်ကိုယ်စားပြုအနေဖြင့် ပြည်နယ်အဆင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ကဗျာလွတ်အကဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရရှိသည့် ပင်လုံ အထက(၁)မှ ကျောင်းသူလေးများအား စက်တင်ဘာ ၂၃ရက် မွန်းလွဲပိုင်းက ကြိုဆိုပွဲပြုလုပ်သည်။

ကြိုဆိုပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များက ပြည်နယ်အဆင့် ဆို၊ က၊ ရေး၊ တီး ပြိုင်တွင် ကဗျာလွတ်အကဖြင့် အဖွဲ့လိုက် ပထမဆုရရှိသည့်အထက(၁)ပင်လုံမှ ကျောင်းသူများအား ကြိုဆိုဂုဏ်ပြုကြသည်။



အဆိုပါ ပထမဆုရရှိသည့် ကဗျာလွတ်အကအဖွဲ့သည် ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**အယ်မင်း(လွိုင်လင်)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် –

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ပခုက္ကူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ MSME လုပ်ငန်းများ ကွင်းဆင်းလေ့လာ

**ပခုက္ကူ စက်တင်ဘာ ၂၄**

ပညာရေး ဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့ရှိ MSME လုပ်ငန်းများကို ကွင်းဆင်းလေ့လာကြသည်။

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ်၊ သဘာဘရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များ၌ စားသောက်ကုန်လုပ်ငန်း၊ သဘာဝ ထုတ်ကုန်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်းနှင့် အုတ်လုပ်ငန်းများအလိုက် MSME လုပ်ငန်းများ အခြေအနေကို ကွင်းဆင်းလေ့လာကြရာ လုပ်ငန်းရှင်များက လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများ၊ ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ထုပ်ပိုးမှုအဆင့်ဆင့်များ၊ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှု ရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်မျှတစေရေး ဆောင်ရွက်နေမှုများ အကြောင်းကို ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



## တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ၌ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲနိုင်ရေး အိမ်သာအဖုံးများပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၂၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာ၌ အိမ်ခြေ ၃၀၀ စာအတွက် ယင်လုံအိမ်သာရာနှုန်းပြည့်သုံးစွဲနိုင်ရေး အိမ်သာအဖုံးပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



**အသိပညာပေးဆွေးနွေး**

ပေးအပ်ပွဲတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ နေပြည်တော် အမျိုးသမီးနှင့် ကလေးသူငယ် ဘဝမြှင့်တင်ရေး အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အသင်းမှ တာဝန်ရှိသည့်ဆရာဝန်များက ကျန်းမာရေးအသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ရေအေးကျေးရွာနေပြည်သူများ ယင်လုံအိမ်သာရာခိုင်နှုန်းပြည့် သုံးစွဲနိုင်ရေး နေပြည်တော် အမျိုးသမီးနှင့် ကလေးသူငယ် ဘဝမြှင့်တင်ရေး အသင်းမှ အိမ်ခြေ ၃၀၀ စာအတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ အိမ်သာအဖုံးများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အလှူရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ရေနစ်မြုပ်လျက်ရှိသော ကျေးလက်လမ်း / တံတားများ ကြည့်ရှုစစ်ဆေး

**ဟင်္သာတ စက်တင်ဘာ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ရေနစ်မြုပ်လျက်ရှိသော ကျေးလက်လမ်း/တံတားများကို စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးသည် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဟင်္သာတခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တို့နှင့်အတူ ဝန်တာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် လေးမျက်နှာမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ရေနစ်မြုပ်လျက်ရှိသော ကျေးလက်လမ်း/ တံတားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## အုတ်တွင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းနှင့်UID ကောက်ယူမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိ

**အုတ်တွင်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (အုတ်တွင်း) ပညာရတနာခန်းမ၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ပြုလုပ်ပေးရာတွင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်ဦးနှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူ ၂၃၈ ဦးအား နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၄**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့**




## နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် မြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းသားများအား ဂုဏ်ပြုဆုငွေများ ထိုက်တန်စွာချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် စက်တင်ဘာ ၁၇ ရက်မှ၂၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ တက်ဂ်ဘောအားကစားပြိုင်ပွဲတွင် အာရှထိပ်တန်းနိုင်ငံများကို ရင်ဆိုင်ကျော်ဖြတ်ပြီး ဆုတံဆိပ်များဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်းသားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်တို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အဆိုပါအာရှအားကစားပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာတက်ဂ်ဘောကစားမယ် ခင်နှင်းဝေက ရွှေတံဆိပ်ဆု၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့က ဒုတိယငွေတံဆိပ်နှင့် မြန်မာတက်ဂ်ဘောကစားသမား စောဖရိုက်ဒေးက ကြေးတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

တက်ဂ်ဘောအားကစားအဖွဲ့ချုပ်ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်ခွဲမပြည့်ခင်အချိန်တိုကာလအတွင်း ယခုကဲ့သို့ အာရှအားကစားပြိုင်ပွဲကြီးတွင် ပြိုင်ပွဲ(Event) သုံးမျိုးပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်းသားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ဂုဏ်ပြုဆုငွေကျပ်သိန်း ၆၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်းတို့က ဂုဏ်ပြုဆုငွေကျပ် သိန်း ၆၀၀ စီ ချီးမြှင့်ပေးခဲ့သည်။

ထို့အတူ နိုင်ငံ့ဂုဏ်ဆောင်အာရှဆုတံဆိပ်ရှင် မြန်မာတက်ဂ်ဘောအသင်းသားများအား မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အထွေထွေအတွင်းရေးမှူး ဦးဖြိုးဇာနည်တို့က ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀၀ စီ ထပ်ဆောင်းချီးမြှင့်ပေးပြီး ဂုဏ်ပြုပွဲအခမ်းအနားကို မကြာမီရက်ပိုင်းအတွင်း ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ**

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အသင်းနှစ်သင်း ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲ(20th Asian Games 2026)တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းနှစ်သင်းတို့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

အာရှအားကစားပြိုင်ပွဲတွင် Esports အသင်း(Team Zanaka) သည် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်နိုင်ငံ၊ တရုတ်၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း စသည့် နိုင်ငံများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

“အာရှအားကစားပြိုင်ပွဲဆိုတာ အာရှနိုင်ငံတွေအတွက် အရေးပါတဲ့ အားကစားပြိုင်ပွဲတစ်ခုဖြစ်သလို အိုလံပစ်အားစကားပြိုင်ပွဲပြီးရင် အကြီးမားဆုံးအားကစားပြိုင်ပွဲလည်း ဖြစ်ပါတယ်။ အာရှပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကိုလည်း အားသွန်ခွန်စိုက်နဲ့ ကျော်ဖြတ်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့အီးစပေ့ါအားကစားပြိုင်ပွဲမှာလည်း Mobile Legends: Bang Bang(MLBB) အားကစားနည်းမှာ ကမ္ဘာ့အဆင့် ဒုတိယရရှိခဲ့တာကြောင့် အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ်မျှော်မှန်းထားသလို Honor of Kings (HOK) အားကစားနည်းနဲ့ ဆုတံဆိပ်ရဖို့လည်း မျှော်မှန်းထားပါတယ်။ အခုလို သွားရောက်ယှဉ်ပြိုင်ခွင့်ရအောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ အားကစားရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။



နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ”ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းမှ Mobile Legends: Bang Bang(MLBB) ပြိုင်ပွဲဝင်အသင်းသည်လည်း ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် Team Zanaka အသင်းကို KBZ Pay၊ U9၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

## တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



မန္တလေး စက်တင်ဘာ ၂၄

တရားစွဲနှင့် အမှုလိုက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင်မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းက ယခုဆွေးနွေးပွဲသည် ဥပဒေရေးရာ ဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၉ မဟာဗျူဟာစီမံကိန်းပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နစ်နာသူများအပေါ် ဥပဒေနှင့်အညီ အကာအကွယ်ရရှိရေးသည် အရေးကြီးကြောင်း၊ အမှုများကို မှန်ကန်မြန်ဆန်ပြီး အဂတိကင်းစွာ ဆောင်ရွက်သွားရန်၊ တရားစွဲအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့ပြေးဥပဒေရုံး (Pilot Law Office) လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်ဥပဒေရုံးခုနစ်ရုံးမှလည်း Zoom Meeting ဖြင့် အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အလင်းသစ်**



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာဖိုးနှင့် ထောက်ပံ့ရေးပစ္စည်း ငါးမျိုးကို စက်တင်ဘာ ၂၃ ရက်က ရွှေဘိုမြို့နယ် အမှတ်(၄) တပ်ခွဲ အောင်ဇေယျခန်းမ၌ တာဝန်ရှိသူများက ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

ကျောက်ဆည် စက်တင်ဘာ ၂၄

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လက်ပန်ပင်ကျေးရွာ၌ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သည့် အခြေခံနှင့်မွမ်းမံ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှတိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်သူ ငါးဦးကို ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် မြို့နယ်အဖွဲ့ဝင်တို့က သင်တန်းသား ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## သဲကုန်းမြို့နယ်၌ ဆောင်းသီးနှံဆီထွက်ပဲပုပ် မျိုးစေ့ပေးအပ်

သဲကုန်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအား ဆောင်းသီးနှံဆီထွက်ပဲပုပ် ရေဆင်း ၁၅ မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပဲပုပ်ရေဆင်း ၁၅ မျိုးစိုက်ပျိုးရခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မျိုးစေ့များအား တောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပညာရဲရင့် ပွဲလယ်တင့် ❖ ပညာရွှေအိုး လူမခိုး**

# “တင့်တင့်တယ်တယ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်




နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ် တင်ဆက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက် သောကြာနေ့ ညပိုင်းတွင် “တင့်တင့်တယ်တယ်” တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖိုးသောကြာ၊ ပြည့်ဟိန်းသူ၊ အေးမြဖြူ၊ ရဲရင့်ဝေလွင်၊ နှင်းဝတ်ရည်(အိပ်မက်ဆုံရာ)၊ ချိုမီမီဇော်နှင့် ချောစုသံစဉ် တို့က ရင်ခုန်ကြည်နူးဖွယ် အချစ်တေးကဗျာများကို သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“တင့်တင့်တယ်တယ်” တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၂၅ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် စက်တင်ဘာ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ကြာသပတေးနေ့)သည် “ဘဏ်ပိတ်ရက်” ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

❖ **FIFA မှ**

မြန်မာအသင်းသည် တီမောအသင်းကို အနိုင်ကစားနိုင်သဖြင့် ဖိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်ချက်ပိုကောင်းသွားပြီး ကမ္ဘောဒီးယားကို ထပ်မံအနိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းတွင် ဒဏ်ရာရကစားသမားများရှိနေသဖြင့် လူမစုံဘဲ ကစားရသောကြောင့် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရှုန်းကန်ခဲ့ရသည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ ဟိန်းဇေယျာလင်း၊ မြတ်ဘုန်းခန့်၊ ရှိုင်းဝဏ္ဏအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ ပါဝင်လာသည်။ ပွဲအစပိုင်းတွင် မြန်မာအသင်းက ပိုဖိကစားနိုင်ပြီး ၁၉ မိနစ်တွင် ဝင်းနိုင်ထွန်းက ထောင့်ကန်ဘောကိုခေါင်းတိုက်ပြီး အဖွင့်ဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် တီမောအသင်းက ပြန်ဖိကစားလာပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း တီမောအသင်းကပင် ပိုဖိကစားနိုင်ပြီး အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ၇၅ မိနစ်တွင် အသင်းခေါင်းဆောင် သန်းပိုင်က ဒုတိယဂိုးကို ခေါင်းတိုက်ပြီး သွင်းယူခဲ့သဖြင့် မြန်မာအသင်း အနိုင်သေချာခဲ့ပြီး လက်ကျန်မိနစ်များတွင် အနိုင်ရလဒ် ထိန်းကစားခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**



## ပင်လောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပင်လောင်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ကျေးလက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် မြေသားလမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂၄ ဒသမ ၂၂၆ သန်းဖြင့် နောင်တရား-ခြမ်း-ဆောင်းရွေး-ကြာပူ-ဒိုလလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၁၄ သန်းဖြင့် သံတဲ-ဘုရားပေါ်-မြေနီကုန်းလမ်းပေါ်ရှိ ပေ ၄၀ တံတား (ဒုတိယပိုင်း) တည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေကျပ် ၁၉၄ ဒသမ ၃၈၆ သန်းဖြင့် နောင်ယော-တပူ ကျေးရွာချင်းဆက် မြေသားလမ်းချဲ့ခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

❂ **M-League မှ**

ကျော်ညီညီက ၁၅၊ ၆၅၊ ၉၀ မိနစ်တွင် ဟက်ထရစ် သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၁၆၊ ၇၁ မိနစ်တွင် လမင်းပြည့်စုံ၊ ၂၆ မိနစ်တွင် ဖွဲခန့်အောင်၊ ၃၂ မိနစ်တွင် ဇေထက်အောင်၊ ၅၅ မိနစ်တွင် ခွန်းချိုထူးတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ကျော်ညီညီက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် နှစ်သိန်းရရှိသည်။

ဗဟန်းကွင်း၌ကျင်းပသည့်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်းက Chinland အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းသည် ပိုင်သက်ဦး၏ ဟက်ထရစ်ဖြင့် သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို သက်ပိုင်ဦးက ၄၊ ၃၀၊ ၄၅+၁ မိနစ်တွင် သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် သက်ပိုင်ဦးက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် နှစ်သိန်းရရှိသည်။

ပွဲစဉ် (၁၆) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၄၁ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၃၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်စီ၊ ရတနာပုံအသင်းက ၂၈ မှတ်၊ သစ္စာအားမာန်အသင်းက ၂၆ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၂၄ မှတ်၊ Falcon အသင်းက ၂၃ မှတ်၊ Galaxy အသင်းက ၂၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၆ မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက လေးမှတ် ရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-YUFC**



## မော်လမြိုင်မြို့၌ ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

မော်လမြိုင် စက်တင်ဘာ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆိုင်ကယ် Taxi နှင့် အိုးဝေယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

